# ရွှေမန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၅) ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် ၊ ၃-၁-၂၀၂၅၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောကဥ္စ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊

စာမျက်နှာ ၃ သို့ ❖

## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့။

မန္တလေး

## လောကအလယ်ရပ်တည်နိုင်ရေး ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ရန်လိုအပ်မည်

လူတစ်ယောက် ဘဝတစ်ခုကို တည်ဆောက်ရာတွင် အဓိကအရေးကြီးဆုံး လိုအပ်ချက်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ သား၊ သမီးများကို ငယ်ရွယ်စဉ်ကာလမှစ၍ စည်းကမ်းကျကျ နည်းလမ်းပြခဲ့လျှင် စိတ်ထားမှန်မြတ် စိတ်ဓာတ်ဖြူစင်ကာ အကျင့်စာရိတ္တကောင်းသူများအဖြစ် ဂုဏ်ယူနိုင်မည်ဖြစ်သည်။

အခြေခံကျသော နည်းလမ်းကောင်းများကို သွန်သင်ဆုံးမရမည့် တာဝန်မှာ အရွယ်ရောက်လာသော ကလေးငယ်များ၏ မိဘနှင့် ဆွေမျိုးသားချင်းတို့ပင်ဖြစ်သည်။ ထို့ပြင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရုံဖြင့် မပြီးသေးပါ။ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးဖြစ်သည့် ပညာကိုလည်း သင်ကြားပေးရမည့် တာဝန်မှာ မိဘတိုင်းပင်ဖြစ်သည်။ ပညာရပ်ဟုဆိုရာတွင် အသိဉာဏ်ပညာ၊ လက်မှုပညာ၊ စက်မှုပညာ၊ အနုပညာ စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်များကို သင်ကြားပို့ဖော်ပေးရမည့် အလုပ်သည် မိဘတိုင်းတွင် တာဝန်ရှိပါသည်။

ငယ်ရွယ်စဉ်ကျောင်းသားဘဝတွင် စာသင်ကြားရမည်ဖြစ်သည်။ ကျောင်းသားများ ကျောင်းနေအရွယ်တွင် စာသင်ကြားနိုင်ရေး၊ အတန်းအလိုက်အောင်မြင်နိုင်ရေးသည်လည်း မိဘများ၏ တာဝန်ပင်ဖြစ်သည်။ ပညာရေးတွင် အခြေခံကောင်းမှ ဘဝတစ်လျှောက်လုံး ဖြောင့်မတ်စွာ တက်လှမ်းနိုင်မည်ဖြစ်သည်။ အစဟူသည် ဆန္ဒဖြစ်ပြီး ဆန္ဒနှင့် အစပျိုးပါမှ အောင်မြင်မှုနှင့် အဆုံးသတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်များ ပညာကို လိုလိုလားလား သင်ယူချင်စိတ်ရှိရန် လိုအပ်မည်ဖြစ်သည်။ မိမိသင်ယူလိုက်သော ပညာသည် မိမိစိတ်ပါဝင်စားသော ပညာရပ်ဖြစ်ရန်လည်း လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်ပညာကို ရွေးချယ်သင်ယူရမည့် လူငယ်ကျောင်းသား၊ ကျောင်းသူများအတွက် ပို၍ အရေးကြီးပါသည်။ မိမိလျှောက်ရမည့်လမ်းကို မိမိကိုယ်တိုင်ရွေးချယ်သင့်သည်။ သို့မှသာ အောင်မြင်မည်၊ ထူးချွန်မည်၊ တတ်မြောက်မည်ဖြစ်သည်။

ထို့ပြင် ပညာဟုဆိုရာတွင် အတန်းပညာကိုချည်း ဆိုလိုသည်မဟုတ်ပါ။ လောကအလယ် ရပ်တည်ရှင်သန်နိုင်ရေး ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်သည်။ မိမိအသက်မွေးဝမ်းကျောင်းပြုမည့် ပညာရပ်အသီးသီးကို နားလည်တတ်မြောက်ထားဖို့ လိုအပ်မည်ဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့် ရိုးသားစွာ အတုယူပါ၊ ရိုးရိုးကျင့် မြင့်မြင့်ကြံခြင်းဖြင့် ဘဝကို ခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ အကြံကောင်း၊ ဉာဏ်ကောင်းဖြင့် လူကောင်းသူကောင်းဖြစ်အောင် ကြိုးစားရမည်လည်းဖြစ်သည်။ ရိုးရိုးကျင့်၍ မြင့်မြင့်ကြံစည်ခဲ့သူများ၏ အောင်မြင်မှုကို အတုယူရမည်ဖြစ်သည်။

လောကတွင် အမြင့်ဆုံးဟူသည် မရှိပါ။ အမြင့်ဆုံးဟုထင်ရသော နေရာထက် ပို၍ ပို၍ မြင့်သောနေရာ ရှိစမြဲဖြစ်ပါသည်။ မြင့်မားလာလေလေ ပိုမို၍ ကျယ်ပြန့်စွာ မြင်ရလေလေ ပိုမို၍ အသိပညာတိုးပွားလေလေဖြစ်သည်။

သို့ဖြစ်ရာ အကြံအစည် စိတ်ကူးဟူသည် လူတစ်ယောက်၏ ဘဝမြင့်မားရေးအတွက် အင်အားတစ်ရပ်ဖြစ်ရာ လောကအလယ်ရပ်တည်နိုင်ရေးအတွက် လူငယ်၊ လူရွယ်များအနေဖြင့် ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အရန်မီးသတ်စခန်းသစ်ဖွင့်ပွဲနှင့် မီးငြိမ်းသတ်ယာဉ် လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြသာယာအရန်မီးသတ်စခန်းသစ်ဖွင့်ပွဲနှင့် မီးငြိမ်းသတ်ယာဉ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ၇၈ လမ်း၊ ၃ လမ်းနှင့် ၄ လမ်းကြားတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ဦးသန်းအေးနှင့် ဒေါ်ငွေသန်း (ထွန်စက်နှင့် အပိုပစ္စည်းရောင်းဝယ်ရေး) Green World Tractor မိသားစုက မီးငြိမ်းသတ်ယာဉ်အား လွှဲပြောင်းပေးအပ်သဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ချမ်းမြသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး မီးငြိမ်းသတ်ယာဉ်အား အန္တရာယ်ကင်းအမွေးနံ့သာရည်များ ပတ်ဖျန်းပေးခဲ့ကြသည်။

(အပေါ်ယာပုံ)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် မီးငြိမ်းသတ်ယာဉ်အလှူရှင် ဦးသန်းအေးနှင့် ဒေါ်ငွေသန်း(ထွန်စက်နှင့် အပိုပစ္စည်းရောင်းဝယ်ရေး) Green World Tractor မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၅၇)

## ကျောက်ဆည်မြို့နယ်တွင် ကိုယ်ပိုင်အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အားကစားပြိုင်ပွဲများ ကျင်းပ



**ကျောက်ဆည် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပြည်သူ့အားကစားကွင်းတွင် ကိုယ်ပိုင်အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ရွှက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေး အားကစားနည်းမျိုးစုံပြိုင်ပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မိုးလုံလေလုံ အားကစားခန်းမတွင် ကြက်တောင်ရိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့သည်။

(ဝဲပုံ)

အဆိုပါ ကြက်တောင်ရိုက် အားကစားပြိုင်ပွဲများတွင် ကျောက်ဆည်မြို့နယ်မှ မေတ္တာ၊ လမ်းပြကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့နယ်မှ မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ ကူမဲမြို့နယ်ခွဲမှ ဉာဏ်မီးအိမ်၊ ခေတ်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးတို့မှ တစ်ယောက်ချင်း၊ နှစ်ယောက်တွဲများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဇန်နဝါရီ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ကိုယ်ပိုင်အခြေခံပညာကျောင်း ပေါင်းစုံအားကစားပြိုင်ပွဲ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

၀-၀-၀

## မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲမစတင်မီ ဦးစွာ အမှတ်ပေးဒိုင်ချုပ် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော်က ပြိုင်ပွဲစည်းကမ်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ၐင်းနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးက ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိကြသူများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာနတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲ၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)



### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက် (ပြန်/ဆက်)

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Judicial College အဆောက်အအုံအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက Judicial College အဆောက်အအုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College နှင့်စပ်လျဉ်းသည့် Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Judicial College အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးထံ Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သော Judicial College အဆောက်အအုံသစ်ကြီးကို စတင်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရမည့်နေ့တစ်နေ့ ဖြစ်ကြောင်း။

**အမည်အမျိုးမျိုးဖြင့် တည်ထောင်ထား**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တရားရေးကဏ္ဍ မြင့်မားရေးနှင့် တရားရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်ရေးအတွက် Judicial Academy, Judicial College, Judicial Training Centre စသည့် အမည်အမျိုးမျိုးဖြင့် တည်ထောင်ထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ သင်ကြားသင်ယူမှု ဌာနများတွင် နိုင်ငံတကာတရားသူကြီးများကို ဖိတ်ခေါ်ပြီး တရားစီရင်ရေး လေ့ကျင့်သင်ကြားပေးခြင်း၊ တရားစီရင်ရေးစနစ် ထွန်းကားရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်း၊ အပြန်အလှန် အသိပညာဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေကြခြင်း တွေ့ရမည်ဖြစ်ကြောင်း၊နိုင်ငံများအကြား တရားစီရင်ရေးဖလှယ်မှုအစီအစဉ် (Judicial Exchange Programme)သည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်ပါ အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါအရာရောက်သည့် နေရာတစ်ခု ဖြစ်ကြောင်း။

ထို့ပြင် ယခုကဲ့သို့ နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူ ဆွေးနွေးပို့ချသည့် နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

စာမျက်နှာ ၄ သို့ »»»

☆ ယခုကဲ့သို့နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာတည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူ ဆွေးနွေးပို့ချသည့်နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်



ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ရှိ အမျိုးသမီးအိပ်ဆောင်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ အရ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးရှင်သန်စေရန်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁ အရ ဥပဒေပြုမှုနှင့် အုပ်ချုပ်မှုအာဏာရပ်များက တရားစီရင်ရေးအာဏာအပေါ် ဝင်ရောက်စွက်ဖက်မှုကင်းပြီး အာဏာသုံးရပ် ပိုင်းခြားခွဲဝေကျင့်သုံးမှု တတ်နိုင်သမျှဆောင်ရွက်ရန်စသည့် နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာ မူများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပြည့်အဝလွှဲအပ်ကျင့်သုံးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေမှုများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးတွင်

- ☆ **ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍဖြစ်**
- ☆ **တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏ မှန်ကန်မှုနှင့် မြန်ဆန်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**

တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း။

ထို့ကြောင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ပြည့်စုံစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ် စသည့်တရားလွှတ်တော်(High Court)များကို အသစ်ဆောက်လုပ်ပေးခဲ့သကဲ့သို့ ခရိုင်တရားရုံးငါးခုကိုလည်း အသစ်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တရားသူကြီးအားလုံးအတွက် ဝန်ထမ်းတိုင်းခံစားခွင့်ရှိသည့် ဝတ်စုံစရိတ် (Outfit Allowance) အပြင် လုပ်ငန်းတာဝန်အရ မဖြစ်မနေဝတ်ဆင်ရသည့် ဝတ်ရုံစရိတ်များခွင့်ပြုပေးခြင်း စသည်များကိုလည်း နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးနေမှုများကို အသိပေးပြောကြားရင်း တရားစီရင်ရေးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှ တရားသူကြီးများကို အထူးမှာကြားလိုသည့် အချက်ရှိကြောင်း၊ **"တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာသည်"** ဆိုသော အသားကျနေသည့် စီရင်ထုံးလမ်းညွှန်ချက်အတိုင်း ဖြစ်စေရန်နှင့် တရားသူကြီးများသည် အမှန်တရားကို ချစ်မြတ်နိုးရန်၊ နိုင်ငံအတွက်၊ အများပြည်သူအတွက် စိတ်ကောင်းစေတနာထားရန်၊ အရည်အချင်းရှိသည့် တရားသူကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့တွင် **"တရားဥပဒေစိုးမိုးရေး"** ကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏ မှန်ကန်မှုနှင့် မြန်ဆန်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

**ယုံကြည်စိတ်ချရသည့် တရားစီရင်ရေး အကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ် ပြသနိုင်မှုများ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်**

Judicial College အဆောက်အအုံသစ်ကြီး တည်ထောင်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအတိုင်း ယခုကျောင်းတော်ကြီးမှနေ၍ အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံတရားစီရင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရသည့် တရားစီရင်ရေး အကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ် ပြသနိုင်မှုများ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်ပေးကြရန်၊ တရားမျှတခြင်း၊ လွတ်လပ် ခြင်းနှင့် ညီမျှခြင်းဆိုသည့်လောကပါလတရားများ ဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုတရားသူကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။




နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ကို တွေ့ရစဉ်။

သတင်းစဉ်

# ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် အကျိုးအမြတ်ရယူဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း။

၃၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဆိုက်ဘာအရင်းအမြစ်ကို သိရှိနိုင်ရန် လုံလောက်သောအစီအမံများထားရှိရမည်-

(က) အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊

(ခ) မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊

(ဂ) အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော ပြုလုပ်မှုကို ပြုလုပ်ခြင်း၊

(စ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဆ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဇ) အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်း။

၃၂။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၁ ပါ အချက်တစ်ရပ်ရပ် ဖြစ်ပေါ်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ၊ ဦးစီးဌာနက အကြောင်းကြားလျှင်ဖြစ်စေ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အချိန်မီ ဆောင်ရွက်ရမည်။

၃၃။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုကို ရယူအသုံးပြုသူနှင့် သက်ဆိုင်သော အောက်ပါအချက်အလက်များကို သုံးနှစ်အထိ ထိန်းသိမ်းထားရမည် -

(က) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အသုံးပြုမှုမှတ်တမ်းများ၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာသတ်မှတ်သော အချက်အလက်များ။

၃၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာ ရရှိထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပုဒ်မ ၃၃ ပါ အချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စာဖြင့်တောင်းခံလျှင် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးရမည်။

၃၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ဆိုက်ဘာအလွဲအသုံးပြုခြင်း

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းများမှအပ ဆိုက်ဘာအရင်းအမြစ်ကိုဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေရန် ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းသည် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်သည် -

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကိုဖြစ်စေ၊ ယင်းတို့၏ အခြေအနေ သို့မဟုတ် အရည်အသွေးကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ရောင်းချခြင်း၊ မူလနေရာမှ အခြားနေရာသို့ဖြစ်စေ၊ အခြားဆိုက်ဘာအရင်းအမြစ် သို့မဟုတ် သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုခုသို့ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ကူးယူခြင်း၊

(ဂ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲစေခြင်း၊ စွမ်းဆောင်ရည် ထိခိုက်စေခြင်း သို့မဟုတ် မူလအနေအထားကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်း၊

(င) ကွန်ပျူတာစနစ်ကိုဖြစ်စေ၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကိုဖြစ်စေ ထိန်းချုပ်ခြင်း သို့မဟုတ် ချိတ်ဆက်ထိန်းချုပ်ခြင်း၊

(စ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်ဆန်းစစ်ခြင်း။

## အခန်း (၁၁)

## ဆိုက်ဘာမှုခင်းများဖော်ထုတ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း

၃၇။ ဤဥပဒေအရ ဦးစီးကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

(ခ) ဆိုက်ဘာမှုခင်းများကို စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကူအညီပေးခြင်းနှင့် ဆိုက်ဘာမှုခင်းများ၏ အန္တရာယ်ကို အကဲဖြတ်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲအန္တရာယ်များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာ အလွဲအသုံးပြုခြင်းဖြစ်စဉ်ဖြစ်ပေါ်နိုင်မှု အလားအလာနှင့် ဖြစ်ပွားလာပါက သက်ရောက်နိုင်မှု အလားအလာတို့ကို အကဲဖြတ်ခြင်း၊

(င) သက်ဆိုင်ရာကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးအဆင့်၏အားသာချက်နှင့် အားနည်းချက်တို့ကိုစောင့်ကြည့်အကဲဖြတ်ပြီး ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကြံပြုခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကဲဖြတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများအတွက် နည်းပညာအကူအညီပေးခြင်း။

၃၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟုယူဆရသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဆိုက်ဘာအရင်းအမြစ်ကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း ပြုလုပ်နိုင်သည် -

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟု သံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၃၉။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာအရင်းအမြစ်ကို အချက်အလက် ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ပြုလုပ်ပြီးပါက ယင်းဆိုက်ဘာအရင်းအမြစ်ကို အပ်နှံသူထံ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးအပ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းတို့ကို ကာကွယ်တားဆီးရေးအတွက် ကြိုတင်သိရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်အား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ပုဒ်မ ၄၀ အရ အချက်အလက် ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူတို့၏အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ညှိနှိုင်းလာလျှင်သော်လည်းကောင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လိုအပ်ပါက ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ယာယီပိတ်ပင်ခြင်း၊

(ခ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများကို ယာယီ ထိန်းချုပ်ခြင်း၊

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ပိတ်သိမ်းခြင်း သို့မဟုတ် အများပြည်သူအသုံးပြုရန်မသင့်ကြောင်း ကြေညာခြင်း။

၄၄။ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန် ဝန်ဆောင်မှုပေးခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၁၂)

## သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အီလက်ထရောနစ် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းနိုင်သည်။

၄၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဆိုက်ဘာမှုခင်းကို စုံစမ်းဖော်ထုတ်ရာတွင် စုံစမ်းစစ်ဆေးသော ကိစ္စရပ်နှင့် သက်ဆိုင်သည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်သည်။

၄၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ် သက်သေခံပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်နိုင်ရန် အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းတို့ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်နိုင်သည်။

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

၄၈။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းရေးနှင့် နည်းပညာအကူအညီရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၄၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံပစ္စည်းများကို အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ပေးပို့၍ အချက်အလက်ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဆောင်ရွက်ပြီး ရရှိလာသည့် စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်အား ဦးစီးကော်မတီ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ သတ်မှတ်ချက်နှင့်အညီ ကျွမ်းကျင်သူ၏ သက်သေခံချက်အဖြစ် သက်သေခံတင်သွင်းနိုင်သည်။

၅၀။ (က) အီလက်ထရောနစ် စာတမ်းအမှတ်အသားအဖြစ် သက်သေခံတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပွားပါက အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။

(ခ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၁။ ဦးစီးဌာနသည် ပုဒ်မ ၂၉ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်း ကြေညာခြင်း။

၅၃။ ဦးစီးကော်မတီသည် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို ဖျက်သိမ်းပြီး ယင်းအဖွဲ့၏ ရန်ပုံငွေအပါအဝင် အဖွဲ့ကပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၄)
## အယူခံခြင်း

၅၄။ ဦးစီးဌာနက ပုဒ်မ ၂၁ အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၃ အရ လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၂၅ အရ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၇ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ပုဒ်မ ၅၁ သို့မဟုတ် ၅၂ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုတစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ဝန်ကြီးဌာနကချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၅၈။ ဗဟိုကော်မတီသည် ပုဒ်မ ၅၇ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၉။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ အီလက်ထရောနစ်သတင်းအချက်အလက်အား ခွင့်ပြုချက်မရှိဘဲ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်စေခြင်း၊ ဥပဒေနှင့်မညီဘဲ ပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံးခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၃။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်သိန်းတစ်ထောင်အောက် မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၅။ မည်သူမဆို ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်း မရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းငါးရာအောက် မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်းတစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (င) သို့မဟုတ် (စ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ဆိုက်ဘာအရင်းအမြစ်ကို ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း သို့မဟုတ် မောလ်ဝဲရ် (Malware) ထည့်သွင်းခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသူကို ယင်းစနစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ယင်း၏အသုံးဝင်မှုကို ယုတ်လျော့စေခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ထိခိုက်စေခြင်း၊

(ဃ) ကွန်ပျူတာရှိ ပင်ရင်းကုဒ်သင်္ကေတ (Source Code) များကို ပျက်စီးစေရန်ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင် ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်း၊

(စ) အခြားသူကို ထိခိုက်နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ထားသောအချက်အလက်ကို ဖြန့်ဝေခြင်း၊

(ဆ) ကွန်ရက်အားအသုံးပြု၍ မလိုလားအပ်သော သို့မဟုတ် တောင်းဆိုထားခြင်းမရှိသော စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်း သို့မဟုတ် အချက်အလက်ပေးပို့ခြင်း။

၆၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်ကိုအသုံးပြု၍ အခြားသူ၏ အွန်လိုင်းငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကိုပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၇၀။ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၁။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ် တည်ဆောက်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၂။ မည်သူမဆို အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ် နည်းပညာဖြင့် ဖြန့်ချိခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

၇၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

### အခန်း (၁၆)

### အထွေထွေ

၇၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စာရွက်စာတမ်းအထောက်အထားများဖြင့် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၇၆။ ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဖွဲ့သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ခွင့်ပြုချက်ရယူရမည်။

၇၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အရကောက်ခံရမည်။

၇၈။ (က) ဤဥပဒေပါ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါက ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသားဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၉။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူရမည်။

၈၀။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့်ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်းမပြုရ။

၈၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၃။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၈၄။ ပုဒ်မ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခံရခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းသည် ယင်းကိစ္စရပ်ကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါက အရေးယူခံရသူ သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ယင်းတာဝန်ရှိမှုမှ ကင်းလွတ်သည်ဟု မှတ်ယူခြင်းမပြုရ။

၈၆။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီသည် -

(က) အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရလိုအပ်သော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းတို့မှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရန်မလိုဘဲ ဤဥပဒေအရ လိုအပ်သောခွင့်ပြုချက် သို့မဟုတ် လိုင်စင်တို့ကို ရယူခြင်းမှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုသည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုခု၏အဓိပ္ပာယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## မန္တလေးဆရာအတတ်သင်သိပ္ပံ ပညာရေးကောလိပ် သင်တန်းသား၊ သင်တန်းသူဟောင်းများ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးဆရာအတတ်သင်သိပ္ပံပညာရေးကောလိပ် သင်တန်းသား၊ သင်တန်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၆၈ လမ်းရှိ မန္တလေးပညာရေး ဒီဂရီကောလိပ်၊ ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။ ရှေးဦးစွာ မန္တလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးကြည်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား သင်တန်းသား၊ သင်တန်းသူဟောင်းများက လက်အုပ်ချီမိုးကန်တော့ကြပြီး ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်ကြသည်။ ကန်တော့ခံဆရာကြီးများကိုယ်စား ကျောင်းအုပ်ကြီး(ငြိမ်း)ဦးတင်မောင်သန်းနှင့်ကထိက၊ ဌာနမှူး(ငြိမ်း) ဒေါ်စီစီတို့က ဆုပေးစကားများ ပြောကြားကြသည်။ ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းထွန်းမှ ဂါရဝပြုစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေရှာကြံရေးအဖွဲ့ကိုယ်စား ဆရာဦးမျိုးမင်းဇော်က အလှူငွေကောက်ခံရရှိမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက ဆရာအတတ်သင်သိပ္ပံပညာရေးကောလိပ်သီချင်းများဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသား၊ သင်တန်းသူဟောင်းများအား မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက စားရိပ်သာတွင် နေ့ လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ (၀၄၅)

## ဘွဲ့လွန်ဆေးပညာသင်တန်းများဖွင့်ပွဲနှင့် ဘွဲ့လွန် သင်တန်းသား၊ သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

၂၀၂၅ ပညာသင်နှစ်၊ ဆေးတက္ကသိုလ်မန္တလေး၌ ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်ပွဲနှင့် ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၇၃ လမ်းထောင့်၊ အဆိုပါဆေးတက္ကသိုလ်ရှိ အောင်ပင်လယ်ခန်းမဆောင် ၁ တွင် ကျင်းပသည်။

အခမ်းအနားသို့ ဆေးတက္ကသိုလ်မန္တလေး၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားစီမံဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခက အမှာစကားနှင့်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခ ဒေါက်တာစည်သူနှင့် ဘာသာရပ်ဆိုင်ရာသင်တန်းဥက္ကဋ္ဌများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ကြိုဆိုနှုတ်ဆက်စကားပြောကြားကြသည်။ ထို့နောက် ဘာသာရပ်ဆိုင်ရာ သင်တန်းဥက္ကဋ္ဌများကိုယ်စား ဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာအေးအေးချစ်နှင့် နှလုံးရောဂါပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာကျော်စိုးဝင်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယခုပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အထူးပြုဘာသာရပ်အသီးသီးတွင် ဒီပလိုမာ၊ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၈၀ဦး၊ ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့လွန်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၅၄ဦး၊ စုစုပေါင်း ၁၃၄ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)

၀-၀-၀-၀-၀



တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့် ။

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## တရားရုံးချုပ်ကထုတ်ဆင့်ထားသော ဖမ်းဝရမ်းကို ဥပဒေနှင့်မညီဟု တောင်ကိုရီးယားသမ္မတ တုံ့ပြန်



**ဆိုးလ် ဇန်နဝါရီ ၂**

တရားရုံးချုပ်က ထုတ်ဆင့်ထားသော ဖမ်းဝရမ်းကို ဥပဒေနှင့်မညီဟု တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်က ဇန်နဝါရီ ၂ ရက်တွင် တုံ့ပြန်ထောက်ပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ၆ ရက်တွင် သက်တမ်းကုန်မည်ဖြစ်သော အဆိုပါဖမ်းဝရမ်းသည် ဥပဒေနှင့်မညီသဖြင့် ယွန်း၏ရှေ့နေများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဖမ်းဝရမ်းပယ်ဖျက်ပေးရန် ဦးတိုက်လျှောက်ထားခဲ့ကြသည်။

ဖမ်းဝရမ်းသက်တမ်းမကုန်မီ ယွန်းဆွတ်ယူးလ်ကို ဖမ်းရလိမ့်မည်။ ဟန့်တားသူများကိုလည်း အရေးယူမည်ဟု တောင်ကိုရီးယားအကျင့်ပျက်မှုစုံစမ်းစစ်ဆေးရေးမှူးချုပ် အိုဒေါင်ဝန်းက ထုတ်ဖော်ပြောဆိုခဲ့သော်လည်း သမ္မတအိမ်တော်တံခါးဝရှေ့တွင် ယွန်းကိုအားပေးထောက်ခံသူများ ပက်လက်လှဲအိပ်ကာ လမ်းပိတ်ထားကြသည်။

အိမ်တော်ထဲအထိ သမ္မတကို ဝင်ဖမ်းမည့်ရဲများကို ထိရောက်စွာအရေးယူမည်ဟု ယွန်း၏ ရှေ့နေ ယွန်းကက်ကွန်ကလည်း ခြိမ်းခြောက်ထားကြောင်း သိရသည်။ **Mon**



## ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ရှေ့အလားအလာ ပိုမိုကောင်းမွန်နိုင်သည်ဟု တွက်ချက်မျှော်မှန်း

**ဘန်ကောက် ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ရှေ့အလားအလာ ပိုမိုကောင်းမွန်နိုင်သည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်များ တွက်ချက်မျှော်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းစီးပွားရေး ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာနိုင်ဖွယ်ရှိသည်ဟု ထိုင်းဗဟိုဘဏ်က ကြိုတင်ခန့်မှန်းခဲ့သည်။

ယခုနှစ်တွင် ဘတ်ငွေ၏ ဖောင်းပွမှုပမာဏကို ၁ ဒသမ ၁ လောက်တွင် ထိန်းထားနိုင်မည်ဖြစ်ပြီး စီပွားရေး ၂ ဒသမ ၉ ရာခိုင်နှုန်းအထက်သို့ တက်လာနိုင်လိမ့်မည်ဟု ထိုင်းဗဟိုဘဏ်က ခန့်မှန်းကြောင်း သိရသည်။**Mon**

## တရုတ်အခြေစိုက် ဘီဝိုင်ဒီလျှပ်စစ်ကားများ၏ ရောင်းအား ၂၀၂၄ နှစ်ကုန်ပိုင်းတွင် အစင်းရေနှစ်သိန်းကျော် မြင့်တက်

**ပေကျင်း ဇန်နဝါရီ ၂**

တရုတ်နိုင်ငံ ရှင်ကျင်းမြို့တွင် အခြေစိုက်သည့် ဘီဝိုင်ဒီလျှပ်စစ်ကားများ၏ရောင်းအားသည် ၂၀၂၄ နှစ်ကုန်ပိုင်း ဒီဇင်ဘာလတွင် အစင်းရေနှစ်သိန်းကျော်အထိ မြင့်တက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုတစ်နှစ်တာ၏နောက်ဆုံးလတွင် ရောင်းရသော ယင်းဘီဝိုင်ဒီလျှပ်စစ်ကားများ၏ အစင်းရေပမာဏအတိအကျမှာ ၂၀၇၇၃၄ စင်းဖြစ်သည်။

၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် ဘီဝိုင်ဒီလျှပ်စစ်ကားအစင်းရေစုစုပေါင်း ၁ ဒသမ ၇၆ သန်း ရောင်းခဲ့ရကြောင်း ဘီဝိုင်ဒီကုမ္ပဏီပြောခွင့်ရသူက အတည်ပြုပြောကြားသည်။

နှစ်အလိုက် ရောင်းအားပမာဏနှိုင်းယှဉ်မည်ဆိုပါက ဘီဝိုင်ဒီလျှပ်စစ်ကားများသည် ယမန်နှစ်က ၄၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

၂၀၂၄ ခုနှစ် တရုတ်ပြည်တွင်း မော်တော်ကားဈေးကွက်တွင် အဆိုပါလျှပ်စစ်ကားများ၏ ၉၀ ရာခိုင်နှုန်း ရောင်းထွက်ခဲ့သည်ဟု ဈေးကွက်အစီရင်ခံစာများတွင် ဖော်ပြသည်။

အမေရိကန် အခြေစိုက် တက်စလာကားများထက်ပင် ဘီဝိုင်ဒီလျှပ်စစ်ကားများ ရောင်းအားသာလွန်ခဲ့ဖွယ်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **Mon**





## လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးဆဲကာလအတွင်း ဂျယ်ဂျူးလေကြောင်းစီအီးအို ပြည်ပထွက်ခွင့်မရ

**ဆိုးလ် ဇန်နဝါရီ ၂**

လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးဆဲကာလအတွင်း ဂျယ်ဂျူးလေကြောင်းစီအီးအို ကင်မ်အီဘေး ပြည်ပထွက်ခွင့်မရဘဲ ပိတ်ပင်ခံထားရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုလေကြောင်းမှ ပျက်ကျခဲ့သော လေယာဉ်နှင့်အမျိုးအစားတူညီသည့် အခြားလေယာဉ်များကို စစ်ဆေးပြီးနောက် ကုမ္ပဏီရုံးခန်းများကိုလည်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ရောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

တစ်နိုင်ငံလုံးရှိ လေကြောင်းပျံသန်းမှုဘေးကင်းလုံခြုံစေရန်အတွက် ပြည်တွင်းလေကြောင်းလိုင်းအားလုံးကို သက်ဆိုင်ရာက ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## လတ်စ်ဗီးဂတ်စ်မြို့ရှိ ထရမ့်ဟိုတယ်အပြင်ဘက်တွင် တက်စလာဆိုက်ဘာကားပေါက်ကွဲ ယာဉ်မောင်းသေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စု လတ်စ်ဗီးဂတ်စ်မြို့ရှိ ထရမ့်ဟိုတယ်အပြင်ဘက်တွင် ဇန်နဝါရီ ၁ ရက်က တက်စလာဆိုက်ဘာကား ပေါက်ကွဲမှုဖြစ်ပွားရာ ယာဉ်မောင်းသေဆုံးပြီး လူခုနစ်ဦး ဒဏ်ရာရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။





ဟိုတယ်ရှေ့ ဗီးဂတ်စ်လမ်းမဘေးတွင် ရပ်ထားရာမှ ထိုကားပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဆိုက်ဘာကားကို ငှားစီးလာသည့် ယာဉ်မောင်း ကားအတွင်းပိတ်မိကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု လတ်စ်ဗီးဂတ်စ်ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

နယူးအော်လင်းအကြမ်းဖက်ယာဉ်တိုက်မှုဖြစ်ပွားပြီး အချိန်ပိုင်းအတွင်း ထိုကားပေါက်ကွဲခဲ့ရာ ဆက်စပ်မှု ရှိ၊ မရှိ ရဲစုံထောက်များနှင့် အက်ဖ်ဘီအိုင်စုံထောက်များ ဆက်လက်စုံစမ်းစစ်ဆေးနေကြသည်။

ပေါက်ကွဲမှုဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် မီးသတ်နှင့်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်လာပြီး မီးငြိမ်းသတ်ကာ ကားထဲတွင် ပိတ်မိနေသူကို ကယ်ဆယ်ရန် ကြိုးစားခဲ့ကြသေးသည်။

ထိုကားပေါက်ကွဲမှုသည် ထရမ့်၊ အီလွန်မတ်စ်တို့နှင့် ဆက်နွယ်နေခြင်းရှိ၊ မရှိကိုလည်း လူအများ စိတ်ဝင်စားနေကြောင်း သိရသည်။ **Mon**

## လူဝီစီယားနားပြည်နယ် နယူးအော်လင်းမြို့လယ်တွင် အကြမ်းဖက်ယာဉ်တိုက်မှုဖြစ်ပွား၊ လူ ၁၅ ဦး သေဆုံးခဲ့ရ

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် နယူးအော်လင်းမြို့လယ်တွင် ဇန်နဝါရီ ၁ ရက်က အကြမ်းဖက်ယာဉ်တိုက်မှုဖြစ်ပွားရာ လူ ၁၅ ဦးထက်မနည်း သေဆုံးကာ ၃၀ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၄၂ နှစ်အရွယ် အမေရိကန်စစ်မှုထမ်းဟောင်း ရှမ်ဆွတ်ဒင်ဂျတ်ဘာဆိုသူက နောက်အမိုးဖွင့် ဖို့ဒ်ကားကို အရှိန်ဖြင့်မောင်းလာပြီး နှစ်သစ်ကူးပွဲတော်ဆင်နွှဲနေကြသည့် ပရိသတ်ထဲသို့ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။






လူအုပ်ထဲသို့ ကားဖြင့်ဝင်တိုက်ပြီးနောက် ၎င်းက ကားမောင်းပြီး ပြေးရန်ကြိုးစားသဖြင့် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ဟန့်တားရာ သေဆုံးသွားခဲ့ကြောင်း နယူးအော်လင်းရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

၎င်းမောင်းလာသော ဖို့ဒ်ကားထဲတွင် အိုင်အက်စ်အလံကို တွေ့ရှိခဲ့ပြီးနောက် သက်ဆိုင်ရာရဲနှင့်အက်ဖ်ဘီအိုင်စုံထောက်များ စုံစမ်းစစ်ဆေးခဲ့ရာ ဘာသာရေးအကြမ်းဖက်အုပ်စုများနှင့် ပတ်သက်နေသော သဲလွန်စများ တွေ့ရှိခဲ့ရာမှ ဆက်လက်ရှာဖွေစစ်ဆေးနေကြသည်။

ယင်းအကြမ်းဖက်ယာဉ်တိုက်မှုကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒေါနယ်လ်ထရမ့်တို့က ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သိရသည်။ **Mon**

**မွန်တီနီဂရိုးနိုင်ငံတောင်ပိုင်း ဆေတင်ဂျေမြို့တွင် နှစ်သစ်ကူးပွဲတော် ညပိုင်းက လူ ၁၂ ဦး သေဆုံးစေခဲ့သော သေနတ်ပစ်ခတ်မှုဖြစ်ပွားသည့် အခင်းဖြစ်နေရာကို တွေ့ရစဉ်။ Mon**



# တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းဝယ်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ စက်သုံးဆီဖူလုံမှုရှိစေရေးအတွက်လည်း စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ MNDAA/ TNLA/ KIA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်လျက်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ အချို့ဒေသများသို့ ပြည်မအတွင်းမှ စက်သုံးဆီများ သယ်ဆောင်ရောင်းချနိုင်ခြင်း မပြုနိုင်စေရေးအတွက် ပိတ်ဆို့တားဆီးထားရှိသော်လည်း အချို့သောဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ အချို့နေရာဒေသများတွင် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်ရှိမှုအပေါ် အခွင့်ကောင်းယူ၍ ရောင်ကွင်းလမ်းများ အသုံးပြုကာ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများတွင် ဆီသိုလှောင်ထားရှိရာနေရာများပြုလုပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများသို့ပို့ဆောင်ကာ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ သိမ်းဆည်းရမိခဲ့သည့် တရားမဝင်စက်သုံးဆီများ သိုလှောင်ထားရှိသည့် တည်နေရာပြမြေပုံ။



စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်စက်သုံးဆီများသယ်ယူပို့ဆောင်မှု လမ်းကြောင်းတည်နေရာပြမြေပုံ။



ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများ မှတ်တမ်းဓာတ်ပုံ။

စက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဇင်ကျေးရွာ ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်အနီးတွင် ဆီသိုလှောင်ခြံများပြုလုပ်၍ သိုလှောင် ရောင်းဝယ်လျက်ရှိကြောင်းသတင်းရရှိသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ မန္တလေးမြို့နေ ပိုင်ရှင် ဦးသိန်းသန်းဝင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် သိန်းသန်းစက်သုံးဆီခြံ၊ ဆားတောင်မြို့နေ ဒေါ်ထက်ထက်မျိုးဆွေ ၂၆ နှစ် (ဘ) ဦးဇော်မျိုး ဦးစီးလုပ်ကိုင်လျက်ရှိသည့်စက်သုံးဆီခြံ၊ မြင်းမူမြို့နေ ဒေါ်ဇင်မာမြင့် ၂၇ နှစ် (ဘ) ဦးကျော်ဝင်း ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြစ်ငယ်မြို့နေ မျိုးမင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် စက်သုံးဆီခြံနှင့် Golden Star စားသောက်ဆိုင်အနီးတွင် ရပ်တန့်ထားသည့် တရားမဝင် စက်သုံးဆီရောင်းဝယ်သည့်ယာဉ်များ စသည့်နေရာငါးနေရာမှ တရားခံ ၁၇ ဦးအား ၂၂ ဘီး ဆီသယ်ယာဉ် လေးစီး၊ ဆီနောက်တွဲယာဉ်တစ်စီး၊ ဘီး ၂၀

စာမျက်နှာ ၁၀ သို့







ဖမ်းဆီးရမိတရားခံများ မှတ်တမ်းဓာတ်ပုံ။

❂ စာမျက်နှာ ၉ မှ

ဆီသယ်ယာဉ်သုံးစီး၊ ၁၂ ဘီး ဆီသယ်ယာဉ်တစ်စီး၊ ၁၀ ဘီး ဆီသယ်ယာဉ် သုံးစီး၊ ရှစ်ဘီး ဆီသယ်ယာဉ် တစ်စီး၊ ခြောက်ဘီး ဆီသယ်ယာဉ် သုံးစီး၊ Light Truck ယာဉ် ငါးစီး၊ Toyota Van တစ်စီး စုစုပေါင်းယာဉ် ၂၂ စီး၊ ပရီမီယမ် ဒီဇယ် ၃၀၀၈၃ ဂါလန်၊ အောက်တိန်း 92 ဓာတ်ဆီ ၃၀၄၆၂ ဂါလန် စုစုပေါင်း စက်သုံးဆီမျိုးစုံ ၆၀၅၄၅ ဂါလန်နှင့် တရားမဝင်စက်သုံးဆီများ အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့်ငွေများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များ အရ တရားမဝင်စက်သုံးဆီရောင်းချသူများသည် စက်သုံးဆီများကို မန္တလေးမြို့မှတစ်ဆင့် ရောဝတီ တံတား(ရတနာပုံ)အား ဖြတ်သန်း၍ စစ်ကိုင်း-ရှိန်းမကား-ကမ်းဖြူ-သစ်စိမ့်ကြီးသို့ စစ်ကိုင်း-ရွှေဘို အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီးအတိုင်း သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် KIA အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများ၊ တနိုင်းဒေသရှိ ရွှေနှင့်ပယင်းမော်လုပ်ငန်းများသို့ လည်းကောင်း၊ PDF အကြမ်းဖက်အဖွဲ့များ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ကောလင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ တရားမဝင်ရွှေလုပ်ကွက်များ၊ TNLA/PDF အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များသို့ လည်းကောင်း၊ မိုးကုတ်ဒေသရှိ တရားမဝင်ကျောက်မျက်တူးဖော်ရေး လုပ်ကွက်များသို့ လည်းကောင်း အသီးသီး ပို့ဆောင်ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကလည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုအပေါ်မူတည်၍ တရားဝင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်များမှ တစ်ဆင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းမှုများပြုလုပ်ကာ အရေအတွက်များပြားလာပါက တရားမဝင်ဆီသိုလှောင်ခြံများသို့ သွားရောက်ရောင်းချမှုများ ပြုလုပ်ကြသည့်အတွက် တရားမဝင်စက်သုံးဆီရောင်းဝယ်သည့် လုပ်ငန်းများ ပေါ်ပေါက်နေပြီး တရားမဝင်ဈေးကွက်တစ်ခုသဖွယ်ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဆီဈေးနှုန်းကြီးမြင့်မှုပေါ်မူတည်၍ အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချမှုပြုလုပ်ခဲ့သည့် တရားခံ ၁၇ ဦးအား အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့်ယာဉ်များနှင့် စက်သုံးဆီများအား စိစစ်မှုများပြုလုပ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချမှု ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်





စစ်ကိုင်းတိုင်းဒေသကြီး ညောင်ပင်ဇင်ကျေးရွာရှိ တရားမဝင်စက်သုံးဆီများ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံများ။





ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ။





ဖမ်းဆီးရမိစက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

# ငါန်းဇွန်မြို့နှင့် နွားထိုးကြီးမြို့ရှိ ကျေးရွာအချို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မန္တလေး တိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို ဒီဇင်ဘာ ၃၁ ရက်နေ့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ တရားမဝင် ဝင်ရောက်ခိုအောင်း နေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါ မြို့နယ်အတွင်း တည်ငြိမ် အေးချမ်းမှုမရှိစေရန်အတွက် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိအောင် ဒရုန်းများ အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ နေထိုင်ရာ နယ်မြေများအတွင်း တိုက်ပွဲများ ဖော်ဆောင်ခြင်းနှင့် ရွှံ့ရှာစက်ဆုပ်ဖွယ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် နယ်မြေခံ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင် လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၄ ခုနှစ်အတွင်း လိုင်စင်မဲ့ယာဉ် ၁၇၄ စီး စစ်ဆေးတွေ့ရှိ အရေးယူခဲ့

**စစ်ကိုင်း ဇန်နဝါရီ ၂**

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ မန္တလေး-ရွှေဘိုကားလမ်း၊ စစ်ကိုင်းမြို့ဝင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)နှင့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သက်သေများနှင့်အတူ နေ့စဉ်စစ်ဆေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း လိုင်စင်မဲ့ယာဉ်(၁၇၄)စီး စစ်ဆေးတွေ့ရှိ အရေးယူခဲ့ကြောင်း အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇နာရီက စစ်ကိုင်းမြို့၊ မန္တလေး-ရွှေဘို ကားလမ်း၊ စစ်ကိုင်းမြို့ဝင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်း)နှင့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ စစ်ဆေးနေစဉ် ရတနာပုံတံတားအဆင်းတွင် ယာဉ်များအားစစ်ဆေးရေး ဆောင်ရွက်နေစဉ် မန္တလေး-ရွှေဘို ကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော MDY-12 4D-1024၊ MITSUBISHI PAJERO အမျိုးအစား၊ အဖြူရောင်မော်တော်ယာဉ်အား တားဆီးစစ်ဆေးရာယာဉ်မောင်း ဦးထွန်းလင်း(ဘ)ဦးသန်းထွန်းဖြစ်ပြီး မန္တလေးမြို့မှ မူဆယ်မြို့သို့သွားရောက်မည်ဖြစ်ကြောင်း စိစစ်သိရှိရသည့်အတွက် သက်သေများရှေ့တွင် ယာဉ်နှင့်ပတ်သက်သော ခိုင်လုံသည့်အထောက်အထားစစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် ယာဉ်မောင်းထွန်းလင်းမှ ပြသနိုင်ခြင်းမရှိသည့် အပြင် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရာ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ တာဝန်ရှိသူမှ ရှာဖွေပုံစံဖြင့် စနစ်တကျသိမ်းဆည်းပြီး လိုင်စင်မဲ့မော်တော်ယာဉ်အား လက်ဝယ်ထားရှိ မောင်းနှင်သူ ဦးထွန်းလင်း (ဘ)ဦးသန်းထွန်းအား မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားရှိသည်။

အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)သည် စစ်ကိုင်းမြို့တွင်၂၀၂၄ခုနှစ်အတွင်း လိုင်စင်မဲ့ယာဉ် (၁၇၄)စီး စစ်ဆေးတွေ့ရှိ အရေးယူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ကျော်စ




## AFC / MFF "A" Diploma Coaching Course ဖွင့်လှစ်

AFC / MFF "A" Diploma Coaching Course-Module 1 ("အေ"လိုင်စင် နည်းပြသင်တန်း)ကို ရန်ကုန်မြို့တွင် ဇန်နဝါရီ ၂ ရက်မှ ၁၀ ရက်ထိ ဖွင့်လှစ်နေပြီ ဖြစ်သည်။

သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ Mr.Mita Michiteru နှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သင်တန်းသူ၊ သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် သင်တန်းနည်းပြဆရာ Mr.Mita Michiteru တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများနှင့် သင်တန်းသူ၊ သင်တန်းသားများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးကာ အခမ်းအနားပြီးဆုံးခဲ့သည်။

AFC / MFF "A" Diploma Coaching Course ("အေ"လိုင်စင် နည်းပြသင်တန်း)ကို Module သုံးခုခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး Module 1 ကို ဇန်နဝါရီ ၂ ရက်မှ ၁၀ရက်ထိ လည်းကောင်း၊ Module 2 ကို မတ် ၁၇ ရက်မှ ၂၅ ရက်ထိ လည်းကောင်း၊ Module 3 ကို မေ ၇ ရက်မှ ၁၅ ရက်ထိ လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသူ ၆ ဦး၊ သင်တန်းသား ၁၈ ဦး၊ စုစုပေါင်း ၂၄ ဦး တက်ရောက်လျက်ရှိသည်။

(အောက်ပုံ)

(NGB)







## ဘရန့်ဖို့ဒ်အသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု နည်းပြ အာတီတာပြောကြား

**လန်ဒန် ဇန်နဝါရီ ၂**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနည်းပြ အာတီတာက ယခုပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းအား ချီးကျူးမိကြောင်း၊ ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း အလွန်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၉ပွဲ ကစားအပြီးတွင် ရမှတ် ၃၉မှတ်ဖြင့် အဆင့် ၂နေရာတွင် ရပ်တည်ခဲ့သည်။**(အပေါ်ပုံ)**

အာဆင်နယ်အသင်းနည်းပြ အာတီတာက "ဘရန့်ဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ အသင်းသားတွေရဲ့ ခြေစွမ်းက အရမ်းကောင်းမွန်ခဲ့ပါတယ်။ ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း အလွန်ကျေနပ်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း ယခုလို နိုင်ပွဲတွေ ဆက်လက်ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ဆီကိုဖိုဖာနာအား ရင်းနက်စ်အသင်း ခေါ်ယူ

**ပါရီ ဇန်နဝါရီ ၂**

ရင်းနက်စ်အသင်းသည် ဆော်ဒီကလပ် အယ်လ်နာဆာအသင်း ကွင်းလယ်ကစားသမား ဆီကိုဖိုဖာနာအား ယူရို သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် အယ်လ်နာဆာအသင်းမှ အယ်လ်အစ်တီဖတ်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၉ပွဲကစားကာ ၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရင်းနက်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဆီကိုဖိုဖာနာက "ကျွန်တော် ရင်းနက်စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ရင်းနက်စ်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## Fafa Picault အလွတ်ပြောင်းရွှေ့ကြေးဖြင့် အင်တာမိုင်ယာမီအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် ဟေတီလက်ရွေးစင်အသင်း တိုက်စစ်မှူး Fafa Picault အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ကစားသမားဘဝတစ်လျှောက်တွင် စိန့်ပေါလီ၊ Nashville SC ၊ စပါတာပရပ်စ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်း ထုတ်ပြန်ချက်တွင် Fafa Picault အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)(NGB)**




## ဆာလာအား တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ ဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ကမ်းလှမ်း

**ပါရီ ဇန်နဝါရီ ၂**

ပြင်သစ်လီဂူးထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းသည် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာအား တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၅ပွဲကစားကာ ၂၃၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာ ကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်း၏ မြင့်မားသည့် လစာငွေဖြင့် ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ ဆာလာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ဇက်ဇီသည် အသင်းပရိသတ်များ၏ လှောင်ပြောင်မှုကို ခံခဲ့ရမှုကြောင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

* နည်းပြ ဒေးဗစ်မိုယက်စ်က မိမိအနေဖြင့် မကြာမီအချိန်အတွင်း ပရီးမီးယားလိဂ်ကလပ်အသင်း တစ်သင်းအား ကိုင်တွယ်သွားဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ (NGB)

## 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Fabian Marozsan တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၂**

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်က စတင်ကျင်းပလျက်ရှိသော 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဟန်ဂေရီ တင်းနစ်ကစားသမား Fabian Marozsan တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်ကစားသမား Fabian Marozsan သည် 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Roman Safiullin အား ၆-၁၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟန်ဂေရီ တင်းနစ်ကစားသမား Fabian Marozsan နှင့် နာမည်ကျော်ရုရှားတင်းနစ်ကစားသမား Andrey Rublev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

၀-၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁-၂၀၂၅ | (၆)နိစ် - ရင်းနက်စ် (၁၂) | နိစ် ၂-၀ ရင်းနက်စ် | နိစ်(အိမ်) | ၇ | ၄ | ၃ | - | ၁၈ | ၇ |
| နံနက် ၀၂း၃၀နာရီ | (D,W,L,W,D) (L,L,W,L,W) | ရင်းနက်စ် ၂-၀ နိစ် | ရင်းနက်စ်(ဧည့်) | ၇ | - | ၁ | ၆ | ၄ | ၁၅ |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)ပွဲကျန်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၁-၂၀၂၅ | (၁၉)ဗလင်စီယာ - ရီးရဲလ်မက်ဒရစ်(၂) | ဗလင်စီယာ ၂-၂ ရီးရဲလ်မက်ဒရစ် | ဗလင်စီယာ(အိမ်) | ၈ | ၂ | ၃ | ၃ | ၁၂ | ၁၁ |
| နံနက်၀၂း၃၀နာရီ | (W,W,D,L,L) (D,L,L,L,W) | ရီးရဲလ်မက်ဒရစ် ၅-၁ ဗလင်စီယာ | ရီးရဲလ်မက်ဒရစ်(ဧည့်) | ၉ | ၄ | ၄ | ၁ | ၁၇ | ၉ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်အပ်နှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်အပ်နှင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် ဂုဏ်ပြုလေးစားထိုက်သော စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်အပ်နှင်းသွားနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ချီးမြှင့်ထိုက်သူများအား မှန်ကန်စွာ စိစစ်ရွေးချယ်ပြီး (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မြို့တော်ခန်းမ၌ အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စိစစ်ရွေးချယ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀




# မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ခရီးရှည်မြင်းစီးပြိုင်ပွဲ ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ကီလိုမီတာ ၁၀၀ ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၄ နာရီခွဲက မြကန်တမံတောင်ဘက် Tuyin Valley Eco-Farm တွင်စတင်ကာ ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ တာလွှတ်ပေးခဲ့သည်။

အဆိုပါ ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် ခရိုင်စီမံအဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ပြီး မြင်းစီးပြိုင်ပွဲဝင်များမှ ပထမအကျော့ ၄၀ ကီလိုမီတာ၊ ဒုတိယအကျော့ ၃၅ ကီလိုမီတာ၊ တတိယအကျော့ ၂၅ ကီလိုမီတာ၊ စုစုပေါင်း ကီလိုမီတာ ၁၀၀ သုံးကျော့ပြန် ပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် fei .1 Endurance အရည်အချင်းစစ် ကီလိုမီတာ(၁၀၀) အရည်အချင်းစစ်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရအားကစားသမားများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်တို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့်တာဝန်ရှိသူများက မြင်းစီးပြိုင်ပွဲဝင်အားကစားသမားများအား အသိအမှတ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများချီးမြှင့်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် မြင်း ၁၁ စီး၊ မြင်းစီးအားကစားသမား ၁၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအကြောင်း အသိပညာပေးဟောပြော

**ကျောက်ဆည် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ကြွယ်ဝစေရေး ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အနောက်သာဂရ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စားသုံးသူရေးရာ အသိပညာပေးပွဲဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စားသုံးစားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးမင်းထွန်းက စားသုံးသူများအနေဖြင့် မိမိတို့ဝယ်ယူသည့်ပစ္စည်းများနှင့် အခြေခံဝန်ဆောင်မှုများရရှိသည့်အပေါ် စိတ်ကျေနပ်မှုရရှိစေခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊ လိုအပ်သောသတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့် ပြေစာ(သို့မဟုတ်) အထောက်အထားရယူခွင့်ရှိခြင်း၊ ဈေးကွက်အတွင်းရှိ စားသုံးသူ စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရှိခြင်း၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိစေခြင်း၊ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ ကုစားခွင့်ရှိခြင်း၊ အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သောအချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်းနှင့် စဉ့်ကိုင်မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူးဦးစိုးလွင်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ရောင်းချနှင့် ဝန်ဆောင်မှုအာမခံချက်၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ ဝယ်ယူစားသုံးသူအား ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုပြုရန်နှင့် ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ်အခြေခံ၍ အာမခံချက်ပေးခြင်းများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပွဲအပြီးတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ကျောက်ဆည်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)

✱–✱–✱–✱–✱

# ကျေးရွာအုပ်စု ၃၂ အုပ်စုတွင် ကြက်သွန်ဧက ၇၆၅၀ ကျော် စိုက်ပျိုးထား

**စစ်ကိုင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျေးရွာအုပ်စု ၃၂ အုပ်စုတွင် ကြက်သွန်ဧက ၇၆၅၀ ကျော်စိုက်ပျိုးထားသည်။

ထွက်နှုန်းကောင်းလျှင် ကောင်းသလောက် တစ်ဧကလျှင် ကြက်သွန် ပိဿာ ၇၀၀၀ ကျော်မှ ပိဿာ ၁၀၀၀၀ ကျော်အထိ ထွက်သလို ကြက်သွန်ထွက်ချိန် ဈေးကောင်းရင် ကောင်းသလောက် အဆင်ပြေသည့်အတွက် ကြက်သွန်စိုက်သည်ကို တောင်သူများ ပိုမို စိတ်ပါဝင်စားကြသည်။

ကြက်သွန်စိုက်ရာတွင် ကိုယ်ပိုင်မြေ၊ အငှားမြေတို့တွင်စိုက်ပျိုးကြပြီး အလုပ်သမားခအပါအဝင် အထွေထွေကုန်ကျစရိတ် ကျပ်သိန်း ၃၀ကျော်ရှိသည့်အတွက် ကြက်သွန်ထွက်ချိန်တွင် ဈေးကောင်းရရန် တောင်သူများ မျှော်လင့်နေကြသည်။

မုံရွာမြို့နယ်တွင် ရွှေဖလားထိပ်မောက်မျိုးကို အများအပြား စိုက်ပျိုးကြပြီး ကြက်သွန်ပျိုးရာတွင် အချိန်တစ်လခွဲခန့်ကြာပြီး စိုက်လျှင် ၄လခန့်ကြာသည်။

ကြက်သွန်စိုက်လျှင် လုပ်အားခအနေဖြင့် အမျိုးသမီးတစ်ဦး တစ်ရက် ငွေကျပ် ၈၀၀၀၊ ရေသွင်းဆေးဖျန်းအမျိုးသားတစ်ဦး ငွေကျပ် ၁၂၀၀၀ ပေးရပြီး ကြက်သွန်ခင်းကို မပြတ်စောင့်ကြည့်နေရပြီး မှိုဆေး၊ ပိုးဆေးလိုက်ရသလို ရေ၊ မြေဩဇာမပြတ်ပေးရကြောင်း တောင်သူများထံက သိရသည်။ (၃၉၄)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်လှစ်ခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းမြသာစည်မြို့နယ်တွင် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ၆၂ လမ်း၊ ၁၀၇ လမ်းနှင့် ၁၁၃ လမ်းကြားတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေလူထုစိတ်ချမ်းမြေ့စေရေး အချိန်တိုအတွင်း သွားလာမှု အဆင်ပြေချောမွေ့ လွယ်ကူစွာရှိစေရန် လမ်းများအား မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး အလေးထားကာ အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ယခု ၆၂ လမ်းမှာ အောင်မြေသာစံမြို့နယ်မှစ၍ အမရပူရမြို့နယ်ရှိ ထုံးဘို-မြစ်ငယ်ဖြတ်လမ်းသို့ တိုက်ရိုက်ဆက်သွယ်ထားသည့် လမ်းဖြစ်ပြီး အရှည်ပေ ၄၇၂၃ ရှည်လျားပါကြောင်း၊ ပြည်သူလူထုအတွက် များစွာအထောက်အကူပြုသည့် လမ်းဖြစ်ပါကြောင်း၊ ရေရှည်ကောင်းမွန်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ မြို့ပေါ်ရှိလမ်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဖွင့်ပွဲအမှတ်တရလက်ဆောင်များ ပေးအပ်ပြီး လမ်းတစ်လျှောက် ကြည့်ရှုကာ မြို့မိမြို့ဖများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်၍ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ဖွင့်လှစ်ခဲ့သည့် ၆၂ လမ်း၊ ၁၀၇ လမ်းမှ ၁၁၃ လမ်းအထိ အရှည်ပေ ၅၆၁၀၊ အကျယ် ၆၈ ပေ (စုစုပေါင်းကုန်ကျငွေကျပ် ၉၈၁ ဒသမ ၄၈၇ သန်း) နိုင်လွန်ကတ္တရာလမ်းသစ်လမ်းနှင့်အတူ ၁၁၀ လမ်း(မနော်ဟရီလမ်း) ၆၂ လမ်းမှ ၇၃ လမ်းအထိ အရှည်ပေ ၅၇၉၀၊ အကျယ် ၄၈ ပေ(စုစုပေါင်း ကုန်ကျငွေကျပ် ၆၉၀ ဒသမ ၄၇၉ သန်း)၊ ရန်-မန်းလမ်း တံခွန်တိုင်အဝိုင်းမှ စက်မှုပန်းခြံလမ်းအထိ အရှည်ပေ ၅၀၆၆၊ အကျယ် ၆၀ ပေ (စုစုပေါင်း ကုန်ကျငွေကျပ် ၈၇၈ ဒသမ ၃၆၃သန်း) ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာလမ်းသစ်များကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀





# ယွန်းပညာကောလိပ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)၂၀၂၄-၂၀၂၅ ပညာသင်နှစ်မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀နာရီက ယွန်းပညာကောလိပ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ဒုတိယနှစ်ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပထမနှစ်ကျောင်းသားများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ဖျော်ဖြေကြပြီး King&Queen ရွေးချယ်ခြင်းများ ဆောင်ရွက်ကြပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

# လူထုအခြေပြုဗဟိုဌာန၌ အထက(၂၄)ကျောင်း နှစ်ပတ်လည်မင်္ဂဇင်း ထုတ်ဝေနိုင်ရေးအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အမှာစကားပြောကြားခဲ့ပြီး အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)၊အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ယဉ်ယဉ်နု(မန္တလေး)နှင့် စာရေးဆရာ အိုးဝေ(မြေနီကျင်း)တို့က မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက အကြံပြုဆွေးနွေးချက်များနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၀၅၆)

# ဝါကိုအဓိကစိုက်ပျိုး အကျိုးအမြတ်ရရှိ

**ရေနံချောင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ဝါကို အဓိကစိုက်ပျိုးလျက်ရှိကာ ဝါကနေ အကျိုးအမြတ် ရရှိနေကြသည်။

တောင်သူများသည်စက်မှုသီးနှံဝါကို စိုက်ပျိုးကြကြောင်း ယခုနှစ်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၄၈၀၀ ဝန်းကျင်ရောင်းရကြောင်း ဝါဈေးမှာ နှစ်စဉ်ဈေးကောင်းရပြီး တောင်သူများအတွက် အကျိုးအမြတ်ရရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ဝါစိုက်တောင်သူအချို့ထံက သိရသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်း၍ နည်းပညာများကူညီပံ့ပိုးလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ် တစ်နှစ်ပတ်လုံး ဝါသီးနှံ ၂၄၂၀ ဧက လျာထား လုပ်ကိုင်ခဲ့ရာ ဧက ၂၀၄၁ စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

(၄၇၂)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)မှ ရတနာပုံတက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပွဲသို့ တက်ရောက်






**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ရတနာပုံတက္ကသိုလ် စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရတနာပုံတက္ကသိုလ်(မန္တလေး)စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန်ဦးကျော်ဆန်း၊ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ရုံး ကောင်စစ်ဝန်ချုပ်H.E.Mr.Sundeep Kaushel နှင့် အဖွဲ့ဝင်များ၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူး ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့် အဖွဲ့ဝင်များအား ရတနာပုံတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီးနောက် စာကြည့်တိုက်ခန်းမတွင် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးမြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်တို့က အခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် H.E.Mr.Sundeep Kaushel က မိတ်ဆက်စကားနှင့် စာအုပ်များလှူဒါန်းရခြင်းအကြောင်းပြောကြားသည်။ ယင်းနောက် ပါမောက္ခချုပ်ဒေါက်တာတင့်မိုးသူဇာက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ပြီး မြို့တော်ဝန်နှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်တို့အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးနောက် ရတနာပုံတက္ကသိုလ်စာကြည့်တိုက်အတွင်း၌ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက်ဌာနပေါင်း (၂၈)ဌာနအတွက် ဖတ်ရှု လေ့လာသင်ယူနိုင်ရန် စာအုပ်များ စနစ်တကျထားရှိမှုနှင့် ငှားရမ်းမှုစနစ်၊ e-Library တို့အား အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့်အတူ လှည့်လည်၍ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အခြေခံပညာ အလယ်တန်းကျောင်း(မြို့မ)၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ကျင်းပသည်။

အားကစားပြိုင်ပွဲများ ကျင်းပရာတွင် မူလတန်းမှ အလယ်တန်းအဆင့်အထိ အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများက မီတာ(၁၀၀)အပြေး၊ အာလူးကောက်၊ အိတ်စွပ်၊ ဆန်ကောရွက်၊ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးစသည့် အားကစားနည်းမျိုးစုံတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။


ထိုသို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားကစားဝါသနာပါလာပြီး ကိုယ်ကာယ ကျန်းမာကြံ့ခိုင်၍ ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် အတွက် အားကစားပြိုင်ပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်းနှင့် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

၀-၀-၀-၀-၀



## မုံလာဥဖြူ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေ ရရှိ



**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မုန်လာဥဖြူ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးသူ ဒေါ်သန်းသန်းစိုးထံက သိရသည်။

"စိုက်ပျိုးရောင်းချရာတွင် မိမိတို့၏ ယာမြေများတွင် မြေအောက်ရေပေးသွင်းခြင်းဖြင့် ပန်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးကို စိုက်ပျိုးကြကြောင်း၊ ယာမြေထဲမှစိုက်ပျိုးထားသည့် သီးနှံများမှာ ဆလတ်ရွက်၊ ကြက်သွန်နီ၊ နံနံပင်နှင့် မုန်လာဥဖြူများကို စိုက်ပျိုးထားပါတယ်၊ မုန်လာဥအဖြူအစေ့ကို ကျင်းဖွဲ၍ သီးသန့်အနေနဲ့ စိုက်ပျိုးနိုင်သလို ကြက်သွန်နီပေါင်များပေါ်တွင်လည်းကောင်း၊ ဆလတ်ရွက်ပေါင်များပေါ်တွင်လည်းကောင်း စိုက်ပျိုးနိုင်ပါတယ်၊ စိုက်ပျိုးထားတဲ့ မုန်လာဥဖြူများကို (၄၅)ရက်သားဆိုရင် ဈေးကွက်သို့ တင်ပို့ရောင်းချလို့ရပါပြီ၊ မိမိအခင်းထဲမှ နံနက်ရောင်းချမည့် မုန်လာဥဖြူနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ညနေပိုင်းတွင် ခူးယူပြီး ဆင်ပေါင်ဝဲမြို့မဈေးတွင် ရောင်းချပါတယ်၊ မိသားစုဟင်းစားအနေနဲ့ မိမိခြံထဲမှထွက်ရှိတဲ့ အသီးအနှံများကို ချက်ပြုတ်စားသောက်နိုင်သလို အပိုဝင်ငွေလည်းရရှိတာပေါ့" ဟု မုန်လာဥဖြူ စိုက်ပျိုးရောင်းချသည့် ဒေါ်သန်းသန်းစိုးက ပြောသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄)ကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ကျိုင်းတုံ)ရုံးတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက လွိုင်မွေတောင်စခန်းမြို့၌ ချယ်ရီပန်းပွဲတော်ကျင်းပနိုင်ရေး၊ အာခါအမျိုးသားနေ့ကျင်းပနိုင်ရေး၊ မြို့နယ်များသန့်ရှင်းသာယာလှပရေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးတင်ပြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

## မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ပွင့်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ရွှေဘိုကျေးရွာ ပြည်လုံးချမ်းသာမုန်းစက်တော်ရာ စေတီတော်မြတ်ကြီး တန်ဆောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံတောင်သူများ သတိပြုဆောင်ရွက်ရမည့် မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်တောင်သူအကျိုးဆောင်အသင်းမှ တောင်သူအကျိုးပြု စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် သီးနှံများ စိုက်ပျိုးရာ၌ ဓာတုလျှော့ချပြီး သဘာဝမြေသြဇာနှင့်သဘာဝဆေးများ ပြောင်းလဲသုံးစွဲရေးတို့ကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်တောင်သူ အကျိုးဆောင်အသင်းအဖွဲ့ဝင်များက ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော တောင်သူအကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာတောင်သူအကျိုးဆောင် ကော်မတီဝင်များကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာတောင်သူအကျိုးဆောင် ကော်မတီဝင်များနှင့် ဒေသခံတောင်သူ ၁၂၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၄၅)**

## ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**ကွန်ဟိန်း ဇန်နဝါရီ ၂**

ကျောင်းသား၊ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ကွန်ဟိန်းမူလတန်းကြိုကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက မဟာကမ္ဘောဇ ပြည်ငြိမ်းအေးစေတီတော် မုခ်ဦးရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ထာဝရသစ္စာ သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပင်ပေါင်ဘောလုံးကောက်ပြိုင်ပွဲ၊ ခွက်ဆင့်ပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ ပူဖောင်းနင်းပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ အလွတ်ပြေးပြိုင်ပွဲနှင့် ဘောလုံးလက်ဆင့်ကမ်းကစားခြင်းပြိုင်ပွဲစသည့် အားကစားနည်းရှစ်မျိုးဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုရရှိသည့် ကျောင်းသား၊ကျောင်းသူများကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်လှိုင်ဇင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်မွန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲ ပြုလုပ်

**ပခုက္ကူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက စာဖတ်ရှိန်မြှင့်တင်ရေး စာပေဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ပြောကြားပြီး စာရေးဆရာ ဒေါက်တာဖြိုးသီဟ ရေးသား ထုတ်ဝေထားသော 'ပျော်ရွှင်ပါစေ' စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွဲဖက်ဝန်ထမ်းများက စာအုပ်ပါအကြောင်းအရာများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၃၄၀)**



## စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ယန်းလောကျေးရွာအုပ်စုနှင့် လွယ်လုံကျေးရွာအုပ်စုသို့ ယမန်နေ့ နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထို့သို့ ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောဝင်းသူ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာခိုင်မြဲစည်သူ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးအောင်ကျော်မင်းနှင့်ဝန်ထမ်းများက ကျိုင်းတုံမြို့နယ်အတွင်းရှိ ယန်းလောကျေးရွာအုပ်စုနှင့် လွယ်လုံကျေးရွာအုပ်စုသို့ သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ဒေသခံပြည်သူထံသို့ မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများကိုပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ဒေသအတွင်း လပ်မြေမရှိစေရေးအတွက် နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရတနာ

* ပညာသည်သာ ရတနာ
တန်ဖိုးအမြတ်ဆုံးပါ ။

* အသိပညာ ရတနာ
နေ့စဉ် လေ့လာပါ ။

* အတတ်ပညာ ရတနာ
နေ့စဉ် မှတ်သားပါ ။

* စာသင်ကျောင်းမှာ
ပညာရတနာ
နေ့စဉ် သင်ယူပါ ။

* နေ့စဉ် သတင်းစာ
ဖတ်မှတ်ပါ
ပညာရတနာ ။

* ပညာခေတ်
နေ့သစ်၊ စိတ်သစ်၊ လူသစ်
အသိသစ်ဖွေရှာ
ပညာသည်သာ ရတနာ ။ ။

မြတ်ထေရ်ကျော်

# ကျောက်ဆည်(၄)မြို့နယ်၊ (၁၀၁)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲ

ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး (၄)မြို့နယ်၊ (၁၀၁)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကို ၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် (၃၊ ၄)ရက်တို့တွင် ကျင်းပခဲ့သည်။ ၎င်းကို ကျောက်ဆည် မဟာဂန္ဓာရုံ စာသင်တိုက်ကြီး၏ ပဓာနနာယက နောင်/ညီ နှစ်ပါး၏ ကြီးကြပ်မှုဖြင့် စာချဆရာတော် "အရှင်ပဏ္ဍိတ"က ဦးစီးဦးဆောင်ပြု၍ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ ကျောက်ဆည်နယ်မှ ထေရ်ကြီးဝါကြီးဆရာတော်များ ကြွရောက်၍ ဩဝါဒပြုပေးကြသည်။

ထိုအခမ်းအနားတွင် အကြိမ်(၁၀၀)ပြည့် ဝိနည်းစာပြန်ပွဲကို ဂုဏ်ပြုပူဇော်သော ရာပြည့်မင်္ဂဇင်းနှင့် ရာပြည့်စာစဉ်များ ပေးအပ်လှူဒါန်းသည့်ပွဲ၊ ကျောက်ဆည် စာရေးဆရာအသင်းအနေဖြင့် နှစ်စဉ် ဆင်မြို့တော် ကျောက်ဆည်မင်္ဂဇင်းထုတ်ဝေနိုင်ရန်အတွက် မ,တည်ရန်ပုံငွေ ၁၀၁ သိန်း ပေးအပ်လှူဒါန်းသည့်ပွဲ၊ ပထမအကြိမ် ဆင်မြို့တော်စာပေ ဆုချီးမြှင့်သည့်ပွဲတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့သည်။ ၎င်းတွင် ဆရာတော် "အရှင်ပဏ္ဍိတ"က ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ချပြရှင်းလင်းပေးမှုများလည်း ပြုလုပ်ခဲ့သည်။

အကြိမ်(၁၀၀)ပြည့်ဝိနည်းစာပြန်ပွဲကြီးကို ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းစုံတို့နှင့် မဟာဂန္ဓာရုံကျောင်း၏ အမာခံဒကာ၊ ဒကာမတို့၏ လှူဒါန်းမှုအစုစုတို့ကြောင့် ခမ်းနားထည်ဝါစွာ အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ကြောင်း ကျောက်ဆည်ဆရာတော်တို့၏ အကြိမ်(၁၀၀)တိုင် လုံ့လပြု ကြိုးပမ်းဆောင်ရွက်ချက်ကို ဂုဏ်ပြုချီးမြှောက်သောအားဖြင့် ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ကြွရောက်၍ အနုမောဒနာပြု ရေစက်ချတရားများ ဟောကြားပေးခဲ့ကြောင်းနှင့် ပဓာနနာယက နောင်/ညီ နှစ်ပါးတို့မှလည်း ရာပြည့်ပွဲကြီးကို ဂုဏ်ပြုပူဇော်သောအားဖြင့် ရာပြည့်မင်္ဂဇင်းကို ခန့်ခန့်ထည်ထည် ထုတ်ဝေရန် ဩဝါဒချမှတ်ခဲ့သည်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြောကြားသည်မှာ "ရာပြည့်မင်္ဂဇင်း"အောင်အောင်မြင်မြင်ထုတ်ဝေနိုင်ရန်အတွက် ကျောက်ဆည်စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်တို့ကို တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မကြာခဏလည်း တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ရပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာမှ စာရေးဆရာအသင်းအနေဖြင့် နှစ်စဉ်မင်္ဂဇင်း ထုတ်ဝေနိုင်ရန်အတွက် ရန်ပုံငွေအပါအဝင် အခြားအခက်အခဲအစုံတို့ကိုလည်း သိရှိခွင့်ရခဲ့ပါကြောင်း၊ ၎င်းတို့၏ အခက်အခဲကို ဝိုင်းဝန်းကူညီပံ့ပိုးဖြည့်ဆည်းပေးလိုသည့်ဆန္ဒဖြင့် မ,တည်ရန်ပုံငွေ သိန်း ၁၀၀ ပေးအပ်နိုင်ရေး လုံ့လပြုခဲ့ပါကြောင်း၊ စာပေကို အားပေးချီးမြှောက်ကြသော မြို့နယ်သံဃာ့နာယကအဖွဲ့ (ရွှေကျင်)ဆရာတော်များနှင့် ရွှေစေတီကျောင်းဆရာတော်၊ ကုန်းမြင့်သာကျောင်းဆရာတော်၊ မယ်ဇယ်ပင်ကျောင်းဆရာတော်၊ ရဲစုကျောင်းဆရာတော်၊ ဗောဓိကျောင်းဆရာတော်၊ ဗလုံ့ကျောင်းဆရာတော်၊ မြင်းချီနိုင်ကျောင်းဆရာတော်တို့မှလည်း ပါဝင်ချီးမြှင့်ကြသည့်အပြင် ဂန္ဓာရုံကျောင်း၏ ပင်မ ဒကာ၊ ဒကာမတို့မှ စုပေါင်းပါဝင်လှူဒါန်းမှုအစုစုတို့ကြောင့် ပြည့်မီအောင်မြင်ရပါကြောင်းများ ရှင်းလင်းပြောကြားပါသည်။

ပထမအကြိမ် ဆင်မြို့တော်စာပေဆုနှင်းခြင်းနှင့်ပတ်သက်၍ ဝတ္ထုတိုပြိုင်ပွဲနှင့်သာ စတင်နိုင်ပါကြောင်း၊ ပ၊ ဒု၊ တ(၃)သိန်း၊ (၂)သိန်း၊ (၁)သိန်းကျပ်နှင့် အထူးဆု(၇)ဆု၊ (၅၀၀၀၀ိ/-)ကျပ်နှုန်း ချီးမြှင့်ပါကြောင်း၊ ၎င်းဆုနှင်းခြင်းကို ဆရာတော်၏ ဒကာ-ဒကာမများဖြစ်ကြသော ဦးမျိုးဝင်းအောင်+ဒေါ်ခင်ရဲရှုပါအေး(ရှမ်းရွှေတောင်-ရှူးရှဲလက်ဖက်)တို့မှ တာဝန်ယူပါကြောင်း၊ ၎င်းကိစ္စနှင့် ပတ်သက်၍ အရှည်တည်တံ့ခိုင်မာစေရန်အတွက် ဆင်မြို့တော်စာပေဆုဖောင်ဒေးရှင်းကို ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့တို့၏ စီမံခန့်ခွဲမှုဖြင့် ကော်မတီတစ်ရပ် ခိုင်ခိုင်မာမာဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လတ်တလောတွင် ဖောင်ဒေးရှင်းရန်ပုံငွေသိန်း ၁၀၀၀ လျာထားပြီး နောင်/ညီဆရာတော်ကြီးနှစ်ပါးတို့မှ စတင်လုံ့လပြုဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မဟာဂန္ဓာရုံကျောင်း ၁၀ သိန်း၊ ပြင်ဦးလွင်မြို့(ဇော်မင်းဦး-ရွှေဆိုင်)မိသားစု ၁၀ သိန်း၊ ကနဦးအလှူဝင်ပါကြောင်း၊ ကျောက်ဆည်မြို့နယ်၏ ဆင်မြို့တော်ဂုဏ်ရှိန်ထာဝရထွန်းလင်းတောက်ပစေရန်အတွက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအပါအဝင် နယ်သူနယ်သားအပေါင်းတို့မှလည်း တက်ကြွစွာ ပူးပေါင်းပါဝင်လုံ့လပြုကြရန် နှိုးဆော်တိုက်တွန်းပြောကြားခဲ့ပြီး သံဃာတော်များအနေဖြင့်လည်း ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် လျှောက်ထားပါသည်။

ယခု "(၁၀၁)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကြီး"တွင် ဓမ္မဒါနလှူဒါန်းပေးခဲ့သည့် ရာပြည့်မင်္ဂဇင်းအုပ်ရေ ၁၀၀၀ ကို ပြင်ဦးလွင်မြို့ ဦးဇော်မင်းဦး+ဒေါ်မီမီထွေး(ဇော်မင်းဦး-ရွှေဆိုင်)မိသားစုကလည်းကောင်း၊ ရာပြည့်စာစဉ်အုပ်ရေ ၁၀၀၀ ကို မန္တလေး ဦးကြည်ငြိမ်း+ဒေါ်ခင်မြိုင်(ရတနာကြည်မာအောင်-ကုမ္ပဏီ)ကလည်းကောင်း ဓမ္မဒါနပြုလှူဒါန်းကြပါသည်။ စာပြန်ပွဲအခမ်းအနားကြီးကို သာသနအောင်လံတော်များ တလူလူလွင့်၍ ခမ်းခမ်းနားနားပြင်ဆင်ထားသည့်အပြင် ပန်းပေါင်းစုံဝေဝေဆာဆာထိုး၍ အလှဆင်ပူဇော်ထားပါသည်။ အလှဆင်သည့်ပန်းများဖြင့် ပူဇော်မှုကို "ဉုးဣန္ဒာဘာသ"ဓမ္မအောင်လံဆရာတော်နှင့် ဒကာ-ဒကာမတို့က လှူဒါန်းပူဇော်ကြပါသည်။

ယခုနှစ်စာပြန်ပွဲ၌ သံဃာတော် ၂၈၇ ပါး ဝင်ရောက်ပြန်ဆိုကြပြီး ဆွမ်းနှင့်ခဲဘွယ်အစုံ ကပ်လှူမှုကလည်း ပြည့်စုံလှပါသည်။ နတ်တော်လပြည့်ကျော် ၃ ရက် အရုဏ်ဆွမ်းကို ဦးမြင့်ဟန်၊ ဦးသာထွန်း၊ ဦးကျော်သန်း(တောင်တန်းသာသနာပြု)အဖွဲ့ကလည်းကောင်း၊ မွန်းလတ်ဆွမ်း မုန့်ပေါင်းနှင့် အကြော်စုံကို ဦးကျော်ဆွေ+ဒေါ်ကြည်ကြည်ဆွေ မိသားစု(ပွတ္တိုင်ကျေးရွာ)ကလည်းကောင်း၊ နေ့ဆွမ်းကို မန္တလေးမြို့ "ရတနာကြည်မာအောင် - ကုမ္ပဏီ"မိသားစုကလည်းကောင်း၊ နေ့လယ်ပိုင်း အအေးဘူးအလှူကို ဦးစံမြင့်+ဒေါ်စောညွန့်(စိန်ကမ္ဘာ)မိသားစုကလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။ ချက်ခန်း၊ ပြုတ်ခန်းတွင် ပွတ္တိုင်အဖွဲ့၊ စကျင်အဖွဲ့တို့မှ မနားမနေဆောင်ရွက်ပေးလျက်ရှိပြီး သံဃာတော်များ ဆွမ်းကပ်၊ လှူပရိသတ်များ ဧည့်ခံကျွေးမွေးမှုအပိုင်းတွင် ရေတွင်းပြည့်အဖွဲ့၊ အုန်းလက်ကောက်အဖွဲ့တို့မှ နိုင်နိုင်နင်းနင်း ဆောင်ရွက်ပေးကြသဖြင့် အားလုံးအဆင်ပြေချောမွေ့ပါသည်။

နတ်တော်လပြည့်ကျော် ၄ ရက်အတွက် အရုဏ်ဆွမ်းကို ဦးဝင်းမောင်ဆွေ+ဒေါ်မြမြဝင်း(မြို့ဦး)မိသားစုကလည်းကောင်း၊ မွန်းလတ် မုန့်ဟင်းခါးဆွမ်းကို မြစ်သားမြို့ မင်းကျောင်းဆရာတော်ကြီးကလည်းကောင်း၊ နေ့ဆွမ်းကို ဒေါ်ရီရီဝင်း(ရွှေကျားမင်း)မိသားစုကလည်းကောင်း၊ ပွဲကာလတစ်လျှောက် သောက်ရေသန့်အလှူကို "ဝီရ ဆီဆိုင်" မိသားစုကလည်းကောင်း ပြည့်စုံစွာ ဆက်ကပ်လှူဒါန်းကြပါသည်။ ဓမ္မပူဇာ ဆက်ကပ်ခြင်းနှင့် စာအောင်ဆုနှင်းခြင်းတို့တွင် စာတော်ပြန်ပွဲကြီးသို့ ကြွရောက်ချီးမြှင့်ကြသည့် ထေရ်ကြီး၊ ဝါကြီးဆရာတော်များနှင့် ပင့်သံဃာ ၁၂ ပါးတို့အား ငွေကျပ် ၆ သိန်း၊ တရားပွဲ ဓမ္မပူဇာ ငွေကျပ် ၁၀ သိန်း၊ စာပြန်သံဃာ ၂၈၇ ပါးတို့အား သင်္ကန်းဒွိစုံ ၂၈၇ စုံ၊ ဖိနပ် ၂၈ ရန်နှင့် ဝိနည်း ၄ စောင်ပြန်သံဃာတစ်ပါး ငွေကျပ် ငါးသိန်း၊ ၃ စောင်ပြန်သံဃာလေးပါး ငွေကျပ် ၁၂ သိန်း၊ ၂ စောင်ပြန်သံဃာလေးပါး ငွေကျပ် ၈ သိန်း၊ ၁ စောင်ပြန်သံဃာ ၃၅ ပါး ငွေကျပ် ၁၀၅၀၀၀ိ/- နှင့် ရှင်ကျင့်ဝတ်ပြန်သာမဏေ ၂၃၉ ပါး ငွေကျပ် ၂၃၉၀၀ိ/-၊ စုစုပေါင်း ငွေကျပ် ၇၅၄၀၀၀ိ/- ဆက်ကပ်ပူဇော်ကြပါသည်။

ဆရာ ဒကာတို့၏ ညီညွတ်မှုအားကြောင့် ကျောက်ဆည် ၄ မြို့နယ် "၁၀၁ ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲကြီး"အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပါပြီ။ လှူဒါန်းပူဇော်မှု အစုစုတို့၏ ရေစက်ချအမျှဝေသံသည် အထက်ဘဝဂ်တိုင် ညံပါလိမ့်မည်။ စာရှုသူ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုနိုင်ရန်နှင့် ဘာသာ၊ သာသနာအကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါရန် ရည်သန်ရေးသားအပ်ပါသည်။

ကိုရင်သိန်းဌေး(ကျောက်ဆည်)

## ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သား မင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ရွှေစည်းခုံ စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် စတုတ္ထပိုင်းဖြစ်သည့် အလယ်ပစ္စယံ၊ အောက်ပစ္စယံ၊ နတ်မုခ်လေးခုနတ်လှေကားလေးစင်း၊ ခြင်္သေ့ကြီးလေးကောင်တို့အား ရွှေသင်္ကန်း ဆက်လက်ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရွှေစည်းခုံဘုရားကြီး အရှေ့တောင်ထောင့်ရှိ အင်္ဂါထောင့်မဏ္ဍပ်အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်ခြင်းလုပ်ငန်း ဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားကာ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး စတုတ္ထပိုင်းဖြစ်သည့် အလယ်ပစ္စယံ၊ အောက်ပစ္စယံ၊ နတ်မုခ်လေးခုနတ်လှေကားလေးစင်း၊ ခြင်္သေ့ကြီးလေးကောင်တို့အား ရွှေသင်္ကန်းဆက်လက်ကပ်လှူပူဇော်နိုင်ရေး ဦးဝင်းမောင်မြင့်က ရှင်းလင်းပြောကြားကာ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဖောင်းလုံးကြီးများနှင့် ခေါင်းလောင်းတော်ကြီးကို ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် သစ်စေးပုံးများ ဈေးပြိုင်တင်ဒါခေါ်ယူပွဲကျင်းပခြင်း အခမ်းအနားသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေစည်းခုံစေတီတော်ကြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ္စေးပုံးဈေးပြိုင်တင်ဒါဆွဲမည့်သူများ တက်ရောက်ခဲ့သည်။

ရွှေစည်းခုံစေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပြီး ကြာမှောက်၊ ကြာလန်နှင့် ရွဲတို့မှအပ ရွှေစည်းခုံစေတီတော်ကြီးအား မျက်ပါးရွှေဆိုင်း ၂၆၀၀၀ ဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ နှစ်လက်မ ပတ်လည် မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် တစ်သိန်းခွဲဖြင့် ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ရုံးသို့ တိုက်ရိုက်ဖြစ်စေ၊ ညောင်ဦးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌထံတို့တွင်လည်း KBZ Pay တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)
ဒီပါလင်း

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Jeon Somin က ကော်ဖီဆိုင်တွင် အချိန်ပိုင်းဝန်ထမ်း လုပ်ကိုင်နေ

အနုပညာရှင် Running Man အဖွဲ့ဝင်ဖြစ်ခဲ့သော ဂျောင်ဆိုမင်သည် လက်ရှိအဖွဲ့မှ ထွက်ခဲ့ပြီးနောက် ကော်ဖီဆိုင်တွင် အချိန်ပိုင်းဝန်ထမ်းအဖြစ် လုပ်ကိုင်နေသည်ဟု ဆွန့်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဆိုမင်သည် အဆိုပါအဖွဲ့မှ ထွက်ရှိလာပြီးနောက် အသိအစ်ကိုတစ်ဦးဖွင့်သည့် ကော်ဖီဆိုင်တွင် ဝန်ထမ်းလုပ်ကိုင်နေခြင်းဖြစ်သည်။

ဂျောင်ဆိုမင်က ကော်ဖီဆိုင်သို့ လာကြသူအတော်များများမှာ သူ့ကိုသိကြပြီး အချို့ကရသစုံ ရှိုးတစ်ခုရိုက်ကူးနေသည်ဟု ထင်နေကြပြီး သူနှင့်အင်တာဗျူးတွင် ပြောကြားသွားသည်။ တစ်ချိန်က Running Man အဖွဲ့ဝင် ဂျောင်ဆိုမင်မှာ လူမုန်းများခဲ့သည်။

SKY

## Krithi Shetty က ၂၀၂၅ခုနှစ်တွင် လက်ထပ်မည်

ဘောလိဝုဒ်မင်းသမီးချော ကရီသီးသည် ချစ်သူနှင့်ပတ်သက်၍ အသည်းကွဲခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်တွင် လက်ထပ်မည့်သတင်းကို Podcast စကားဝိုင်းတွင် ပြောကြားသွားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ကရီသီးသည် မင်းသားချော ဆူရှန့်နှင့် ၂၀၁၆ခုနှစ်တွင် ချစ်သူဖြစ်ခဲ့ကြပြီးနောက် ရုတ်တရက်ကွယ်လွန်သွားခဲ့၍ အသည်းကွဲခဲ့ရသည်မှာ နှစ်များစွာကြာခဲ့ပြီးနောက် ၂၀၂၂ခုနှစ်တွင် ခရီးသွားလုပ်ငန်းရှင် ကဘီးရ်နှင့် တွေ့ခဲ့ပြီး ချစ်သူဘဝဖြတ်သန်းခဲ့သည်။

၂၀၂၅ခုနှစ်တွင် ကရီသီးနှင့် ကဘီးရ်တို့ လက်ထပ်မင်္ဂလာပွဲကျင်းပမည် ဖြစ်သည်ဟု တရားဝင် ပြောကြားထားကာ ကရီသီးမှာ အသက် ၃၅နှစ်ရှိပြီ ဖြစ်သည်။

SKY

## MEOVV အဖွဲ့ TOXIC နှင့် အသံပေါ်မူတည်၍ အယ်လ်ဘမ်သီချင်းရွေးချယ်ထား

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ MEOVV သည် အယ်လ်ဘမ် သီချင်းသစ်နှင့် ထွက်ရှိလာမည်ဖြစ်ပြီး TOXIC တွင်အဖွဲ့ဝင်များ၏ အသံပေါ်မူတည်၍ သီချင်းရွေးချယ်ထားခြင်းဖြစ်သည်ဟု ဆွန့်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအယ်လ်ဘမ်သစ်တွင် TOXIC နှင့် BODY ဆိုသည့် Track နှစ်ခုပါဝင်ထားပြီး တက်ဒီက ထုတ်လုပ်ပေးထားကာ အဖွဲ့ဝင်များ၏ အသံပေါ်မူတည်၍ ရွေးချယ်ထားသော TOXIC နှင့် ပါဖောမင့်အတွက် BODY ကို ဦးစားပေးထားပြီး နှစ်ပိုင်းခွဲထားသည်။

ချောမောလှပသောအမျိုးသမီးအဖွဲ့ဝင်ငါးဦးနှင့် MEOVV အဖွဲ့တွင် နိုင်ငံခြားသူများပါဝင်သော ကေပေါ့ပ်အဖွဲ့ဖြစ်ပြီး တစ်ဖွဲ့လုံး အမည်းရောင်နှင့် ဖျော်ဖြေတင်ဆက်မှုပြုလုပ်သွား၍ ပရိသတ်စိတ်ဝင်စားနေကြသည်။ SKY



## Wang Yi Bo က Marie Claire Cover တွင် ဖော်ပြခံရ

၂၀၂၄ခုနှစ် ဒီဇင်ဘာလထုတ် Five Major Women's Magazines များထဲမှ တစ်ခုဖြစ်သည့် Marie Claire မဂ္ဂဇင်းအပါအဝင် အဓိကမဂ္ဂဇင်းလေးခုတွင်ပါဝင်ထားပြီး ကမ္ဘာ့ဖက်ရှင်နယ်ပယ်ကို ပုံဖော်ပြနေသည့် ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်စာရင်းတွင်ပါ ဖော်ပြခံရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

(၂၂)နှစ်ပြည့် Marie Claire ၏မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံရသူမှာ စံသတ်မှတ်ချက်များ မြင့်မားခဲ့ပြီး လွယ်ကူခြင်းမရှိသော်လည်း ဝမ်ရိဘိုကရုပ်ရှင်နယ်ပယ်တွင် အမြင့်ဆုံးဆု GRA, ဇာတ်လမ်းတွဲနယ်ပယ်၌လည်း Golden Lotus Award ဆန်ခါတင်စာရင်းဝင်၊ အားကစားနယ်ပယ်တွင် နိုင်ငံကိုယ်စားပြု အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်ခွင့်ရသူ၊ ရှန်ဟိုင်းအိုလံပစ်ခြေစမ်းပွဲများ၏ သံတမန်၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းအတွက် လူငယ်ကိုယ်စားလှယ်စသည့် မြင့်မားသောဘက်စုံအရည်အချင်းများကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ခုနှစ်အတွင်း ဝမ်ရိဘိုသည် Luxury Fashion Brand သုံးခုကို တစ်ပြိုင်နက်တည်း ကိုင်ခွင့်ရခဲ့သည့် BOF 500 Class Of 2024 စာရင်းဝင် ဖြစ်ခဲ့သည်။

SKY



## ဗာဘာရေယို ခိုလယ်ရေဟုခေါ်သော ဘက်တီးရီးယား အစာမကြေခြင်း ဗိုက်အောင့်ခြင်းကို ဖြစ်ပွားစေနိုင်

အစာကြေရန်ခက်ခဲသောအစားအစာများစားသုံးခြင်း မတည့်သောအစားအစာများကိုစားသုံးခြင်းတို့ကြောင့် အစာမကြေခြင်း ဗိုက်အောင့်ခြင်းစသော ကျန်းမာရေးပြဿနာများ ဖြစ်ပွားစေနိုင်သည်။

ထို့ပြင် အူအတွင်းသို့ရောက်ရှိသွားသော ဘက်တီးရီးယားပိုးမွှားကြောင့်လည်း ထိုပြဿနာများခံစားရမည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု အော်ရီဂန်တက္ကသိုလ်မှ ဂျူလီယာဒိုဦးဆောင်သောသုတေသီများသည် အစာမကြေခြင်းနှင့်ပတ်သက်၍ သုတေသနပြု လေ့လာခဲ့ရာ မကြာသေးမီက ထူးခြားချက်တစ်ရပ်ကို တွေ့ရှိခဲ့သည်။

ယင်းထူးခြားချက်မှာ ပင်လယ်စာထဲတွင်တွေ့ရတတ်သည့် ဗာဘာရေယို ခိုလယ်ရေဟုခေါ်သော ဘက်တီးရီးယား အစာမကြေခြင်း ဗိုက်အောင့်ခြင်းကို ဖြစ်ပွားစေနိုင်သည်ဆိုသော အချက်ပင်ဖြစ်ကြောင်း သိရသည်။ SCI



## One Second အပါအဝင် Ton Hank ၏ ရုပ်ရှင်ဇာတ်ကားများကြောင့် ပရိသတ် မျက်ရည်ကျခဲ့ကြ

ဟောလိဝုဒ်နာမည်ကြီး သရုပ်ဆောင် တွမ်ဟန့်ပါဝင်ထားသော ရုပ်ရှင်ဇာတ်ကားများမှာ လူတစ်ဦး၏ စိတ်ခံစားချက်အမြင့်ဆုံးသို့ ရောက်ရှိခဲ့၍ မျက်ရည်ကျခဲ့ရသည်ထိ ပရိသတ်များ ခံစားခဲ့ကြရသည့် ဇာတ်ကားများတွင် One Second လည်းပါဝင်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

တွမ်ဟန့်၏ သရုပ်ဆောင်မှု မျက်နှာအမူအရာအတက်အကျ အလိုက် လိုက်ပါစီးမျောခံစားခဲ့ကြရသည့်ရုပ်ရှင်များတွင် News Of TheWorld၌ သမီးအပေါ်ထားရှိသည့် သံယောဇဉ် သောကမှာ ဗျာပါဒများနေပုံကိုတွေ့ရပြီး One Second ရုပ်ရှင်တွင် ဖခင်နှင့်သမီး၏ချစ်ခြင်းမေတ္တာကို ကရုဏာသက်ဖွယ်ဖော်ပြနိုင်ခဲ့၍ ပရိသတ် မျက်ရည်ကျခဲ့ကြရသည်။

တွမ်ဟန့်၏ Saving Private Ryan တွင်လည်း သံယောဇဉ်ထုထည်ကြီးမားပုံကို ဖော်ပြထားပြီး နိုင်ငံမဲ့သွားသည့် လေဆိပ်မှ လူတစ်ဦး ပြန်စရာအိမ်မရှိ၍ ရင်နာဖွယ်ဘဝနောက်ကြောင်းကို ပုံဖော်ထားသောရုပ်ရှင် The Green Mile တွင် ဆီးဝေဒနာသည်အဖြစ် ရောဂါပျောက်ကင်း၍ ကိုယ်ပါပျောက်သလိုခံစားခဲ့အောင် သရုပ်ဆောင်နိုင်ခဲ့သူဖြစ်ကာ တွမ်ဟန့်တို့ဇနီးမောင်နှံ ကိုဗစ်ကူးစက်ခံရစဉ်က ပရိသတ်ဆုတောင်းပေးခဲ့ကြပြီး သူ့ရုပ်ရှင်များကြည့်တိုင်း ရင်ထဲတစ်ခုခု ကျန်ရစ်အောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

SKY



## Allu Arjun ရုပ်ရှင်အထူးပြပွဲအတွင်း လူပြိုကျမှုကြောင့် တရား ရင်ဆိုင်နေရ

အိန္ဒိယထိပ်တန်းမင်းသား အာလူးအာဂျွန်၏ ရုပ်ရှင်ဇာတ်ကား Pushpa 2:The Rule အထူးပြပွဲနေ့တွင် လူအုပ်ပြိုကျမှုအတွင်း အမျိုးသမီးတစ်ဦးသေဆုံး၍ ကလေးတစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် ဒီဇင်ဘာ ၁၃ရက်တွင် ဖမ်းဆီးခံရပြီး တရားရင် ဆိုင်နေရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါလူအုပ်ပြိုကျမှုအတွင်း အသက် ၃၉နှစ်အရွယ် မိခင်ဖြစ်သူသေဆုံးခဲ့ပြီး ကိုးနှစ်သားလေးမှာ အပြင်းအထန် ဒဏ်ရာရခဲ့၍ အထူးပွဲပြသပြီး တစ်ပတ်အကြာ အာလူးအာဂျွန်ဖမ်းဆီးခံခဲ့ရသည်။

အာလူးအာဂျွန်နှင့်အတူ ရုပ်ရှင်ရုံပိုင်ရှင်လည်း ဖမ်းဆီးခံရကာ လေးပတ်အာမခံရရှိထားပြီး သူ့တွင်အပြစ်မရှိကြောင်းနှင့် မှားယွင်းမှုမရှိဟု သူ့အကြံပေးက ပြောကြားထားကာ အာလူးအာဂျွန်က ဒဏ်ရာရရှိထားသောကလေး



အတွက်စိုးရိမ်၍ သွားတွေ့ရန် မဖြစ်နိုင်သေး၍ ဆေးဖိုးဝါးခ တာဝန်ယူကာ အမြန်ကျန်းမာလာစေရန် ဆုတောင်းပေးထားကြောင်း ပို့စ်တင်ထားသည်။

SKY



## ကသစ်ကန်နယ်မြေမီးသတ်စခန်းဖွင့်ပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကသစ်ကန်ကျေးရွာအုပ်စု ကသစ်ကန်ကျေးရွာတွင် ကသစ်ကန်နယ်မြေ မီးသတ်စခန်းသစ်ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီက ဖွင့်လှစ်ခဲ့ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့်အဖွဲ့၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပါဝင်ကူညီခဲ့သည့် တိုင်းရင်းသားအဖွဲ့နှင့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ဒီနေ့ဖွင့်လှစ်တဲ့ နယ်မြေမီးသတ်စခန်းသည် ကသစ်ကန်ကျေးရွာအနီးတဝိုက်မှာရှိတဲ့ ကျေးရွာများက ပြည်သူများအတွက် မီးသတ်တပ်ဖွဲ့၏ရည်မှန်းချက် တာဝန် (၄)ရပ်ဖြစ်တဲ့ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး နယ်မြေမီးသတ်စခန်းသစ်အား သက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီမှ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက်များ ဖွင့်ပွဲကျင်းပ

**ဥတ္တရသီရိ ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာ အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ စာကြည့်တိုက်နှင့် ဇလောင်း(မြောက်)ကျေးရွာ ဉာဏသုခစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရေးဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ညိုကျေးရွာအုပ်စု၊ တောင်ညိုကျေးရွာ အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ စာကြည့်တိုက်အဆောက်အအုံအသစ်ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကိုကိုမြတ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးစံသူနှင့် တောင်ညိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဝင်ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက စာကြည့်တိုက်ဆိုင်ရာအချက်အလက်များကို တောင်ညိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး "အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ" စာကြည့်တိုက်မှူးထံ အလှူရှင်များက စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ တောင်ညိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ပန်းပွားအကဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဘင်ခရာအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် စာအုပ်၊ စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဦးစီးမှူး ဦးအောင်ခိုင်ဆွေ၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်၊ ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးကိုကိုမြတ်နှင့် ဇလောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေတို့က ဇလောင်းကျေးရွာအုပ်စု၊ ဇလောင်း(မြောက်)ကျေးရွာရှိ ဉာဏသုခစာကြည့်တိုက်အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ရာသီပေါ်ထန်းပင်မြစ်များ ရောင်းအားကောင်းလျက်ရှိ

**ပခုက္ကူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အညာဒေသကျေးရွာတချို့တွင် ပျိုးထောင်ထားသည့် ရာသီပေါ်ထန်းပင်မြစ်များ ပခုက္ကူမြို့ပေါ်ရပ်ကွက်ဈေးများအတွင်း ရောင်းအားကောင်းလျက်ရှိသည်။

ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်မြို့နယ် (အညာဒေသ)တို့တွင် တစ်နိုင်တစ်ပိုင် မိသားစုအပိုဝင်ငွေရရှိနိုင်ရေး ထန်းပင်မြစ်များ စိုက်ပျိုးရောင်းချကြပြီး ထန်းပင်မြစ်ပျိုးထောင်ခြင်းကို ထန်းသီးမှည့်ချိန်ဖြစ်သည့် ဝါဆိုလ၊ ဝါခေါင်လတို့တွင် ထန်းသီးမှည့်စေ့အရင့်များကို ကောက်ယူစုဆောင်းပြီး လွယ်ကူသည့်မြေနေရာ ရွေးချယ်ကာ ထန်းပင်မြစ်ပျိုးထောင်ရကြောင်း၊ ထန်းသီးမှည့်ပျိုးထောင်ချိန်မှ သုံးလအကြာတွင် ထန်းပင်မြစ်ပေါက်များ စတင်ဖွံ့ဖြိုးလာကာ တန်ဆောင်မုန်းလဆန်းပိုင်းလောက်တွင် ထန်းပင်မြစ် တူးဖော်ပြီး ဈေးကွက်အတွင်း ရောင်းချကြကြောင်း၊ ယခုလကာလမှာ ထန်းပင်မြစ်များပေါ်ဦးပေါ်ဖျားပေါ်ထွက်သည့်လဖြစ်သောကြောင့် ထန်းပင်မြစ် ၂၅ ချောင်းပါ တစ်စည်းကို အနု၊ အရင့်ပေါ်မူတည်၍ ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ အထိ ရောင်းချရကြောင်း၊ ယခင်နှစ်တွင် ထန်းပင်မြစ် ၂၅ ချောင်းပါ တစ်စည်းကို ငွေကျပ် ၈၀၀ မှ ၁၅၀၀ အထိရှိခဲ့ပြီး ယခင်နှစ်ထက်ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း၊ ထန်းပင်မြစ်များကို နှိဝင်ဘာလအစောပိုင်း ကစတင်ပြီး ပခုက္ကူခရိုင်အတွင်းရှိ အညာဒေသကျေးရွာတချို့မှ ဖောက်သည်ဝယ်ယူ၍ လာရောက်ရောင်းချခြင်းဖြစ်ပြီး တစ်နေ့လျှင် အနည်းဆုံး ငွေကျပ် ငါးသောင်းမှ ခုနစ်သောင်းအထိ ရောင်းချရကြောင်း၊ ထန်းပင်မြစ်ကို ငွေကြေးအရင်းအနှီးမလိုဘဲ လုပ်အားအရင်းအနှီးဖြင့်သာ ပျိုးထောင်လုပ်ကိုင်ရပြီး မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပခုက္ကူမြို့၊ အမှတ်(၁) စည်ပင်သာယာရေးဈေးကြီးတွင် ထန်းပင်မြစ်ကိုယ်တိုင်ပျိုးထောင်လာရောက်ရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ထန်းမြစ်များကို နှစ်စဉ် ဆောင်းရာသီကာလ စတင်ရောက်ရှိလာချိန်မှစတင်ပြီး ထန်းပင်ပေါများသည့် မြန်မာပြည်အလယ်ပိုင်းဒေသများတွင် တွေ့ရှိရပြီး မီးဖုတ်၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ဖြစ်စေ ဆီ၊ ဆားထည့်၍ ကလေး၊ လူကြီးမရွေးစားသုံးတတ်ကြကြောင်း၊ ထန်းပင်မြစ်သည် လူတို့၏ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်ဘီဓာတ်ပေါင်းစုံအပြင် အဆီဓာတ်နှင့် ပရိုတိန်းဓာတ်များလည်းပါဝင်ပြီး စားသုံးသူများအနေဖြင့် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ကြောင်း၊ ထန်းပင်မြစ်ကို အရပ်ဒေသများအပေါ်မူတည်ပြီး ထန်းမြစ်၊ ထန်းပင်ပေါက်ဟု ခေါ်ဝေါ်ကြပြီး သီးသန့်ပျိုးထောင်ရောင်းချသူများရှိသကဲ့သို့ တစ်နိုင်တစ်ပိုင်ပျိုးထောင်သူများလည်းရှိကြောင်း၊ ယခုနောက်ပိုင်းတွင် ထန်းပင်မြစ်ကို ထန်းမြစ်ကျော်၊ ထန်းမြစ်အစပ်ကျော် စသည့်များဖြင့် နည်းအမျိုးမျိုးဖြင့် ဖန်တီးပြုလုပ်စားသောက်ခြင်း၊ ထန်းပင်မှတစ်ဆင့် ထန်းလျက်၊ ထန်းရွက်သက်ငယ်၊ ထန်းလျှော်၊ ထန်းလက်ပရိဘောဂ (ကုလားထိုင်၊ စားပွဲ၊ ထန်းသားခြမ်း)များအဖြစ် တီထွင်အသုံးပြုခြင်းများလည်းရှိလာကြောင်း သိရသည်။ **(အောက်ပုံ)(၃၄၀)**



## ဆောင်းသီးနှံ ပြောင်းဖူးဧကေ ၂၇၂ ဧက လျာထားစိုက်ပျိုးမည်

**မကွေး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံအဖြစ် ပြောင်းဖူး ဧက၂၇၂အား လျာထားစိုက်ပျိုးမည်ပြီး ယနေ့အထိ ဧက ၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

တောင်သူများသည် ပြောင်းဖူးကို မိသားစုဝင်ငွေတိုးစေရန် ပြောင်းဖူးကို သီးညှပ်နဲ့ သီးခြားစိုက်ပါတယ်။ မိုးနှင့်ဆောင်း သီးနှံအဖြစ်စိုက်ကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဈေးကွက်၌ ပြောင်းဖူးစေ့ကို မြန်မာ့ရိုးရာမုန့်တွေဖြစ်တဲ့ ပြောင်းဖူးပေါင်း၊ ပြောင်းဖူးမုန့်၊ ပြောင်းဖူးစေ့ကို ပုဂ္ဂလိကမုန့်လုပ်ငန်းများက ကုန်ကြမ်းအဖြစ် အသုံးပြုကြသည်ကို တွေ့ရသည်။

ယခုနှစ် ပြောင်းဖူးကို မိုးရာသီစိုက်ပျိုးမှုတွင် ပြောင်းဖူးတစ်ဧကအထွက်နှုန်း ၁၅၂၇၇ ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(၄၇၂)

* – * – * – * – *

* – * – * – * – * – *

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘ၀သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မိုင်းယု ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "ဘ၀သစ်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဒွန်းနွဲ့ကျေးရွာအုပ်စု၊ ဒွန်းနွဲ့ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သက်နောင်ထူးက ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အဖွင့်အမှာစကား ပြောကြားပြီး စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်မှုမှတ်တမ်းများအား စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးနန်ပန်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းယောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က အမှာစကားပြောကြားပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်အတွက် အလှူရှင်များက လှူဒါန်းထားသည့် စာအုပ်စာစောင်များအား စာကြည့်တိုက်မှူး ဒေါ်နန်းကိန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းယုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအားချာက စာကြည့်တိုက်ဖွင့် လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့ပြီး စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် ဘ၀သစ်စာကြည့်တိုက် အဆောက်အအုံသစ်အား တာဝန်ရှိသူများက အသီးသီးဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့်စာကြည့်တိုက်အတွင်း နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနှင့်အတူ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**ကိုကိုနိုင်(ပြန်/ဆက်)**

# လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မင်းလှ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းနည်း သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းလှမြို့နယ် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စုမှူး ရဲမှူး ကျော်လင်းက လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေး သွင်းနည်းသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်း ရေးသွင်းနည်းသင်တန်း ပို့ချခဲ့ရာ အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊တပ်ဖွဲ့စုမှူး ရဲမှူးက လူကုန်ကူးမှု ဖြစ်ပွားစေတတ်သော အကြောင်းအရာနှင့် နည်းလမ်းများ၊ ခေါင်းပုံဖြတ်မှု အမျိုးအစားများ၊ လူကုန်ကူးမှု ကိစ္စရပ်ကို တွေ့ရှိပါက အနီးစပ်ဆုံး ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရန်၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေက ချမှတ်နိုင်သည့် ပြစ်ဒဏ်များ၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်း ရေးသွင်းနည်းတို့အား သင်တန်း ပို့ချခဲ့သည်။ အဆိုပါလူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေး သွင်းနည်းသင်တန်းသို့ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေး ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

**စာစာ(အထက်မင်းလှ)**



# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ပင်းတယ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဆင်ခေါင်းရပ်ကွက် အခြေခံပညာအထက်တန်း (ကြိုသက်)ကျောင်း ပညာ့ရောင်ခြည်ခန်းမဆောင်၌ ဓနုဒေသပညာရေးဌာန၏ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားအား ယမန်နေ့နံနက် ၉နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ဓနုဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများတွင် မှီတင်းနေထိုင်ကြသည့် ဓနု၊ တောင်ရိုး၊ ပအိုးဝ်၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသား မိဘပြည်သူများ၏ မျိုးဆက်သစ် သားကောင်း၊ သမီးကောင်းရတနာများ ပညာရည် မြင့်မားတိုးတက်စေရေးအတွက် သင်ကြားပြသပေးမယ့် ဆရာ၊ ဆရာမများ၏ အခက်အခဲများမရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့မှုကို ကောင်းမွန်စွာဆောင်ရွက်ပေးစေချင်ပါတယ် ဟု အဖွင့်အမှာစကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဒေသအဆင့် ပညာရေးမှူး ဦးခင်ဇော်ထွန်းနှင့် မြို့နယ်အဆင့်ပညာရေးမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပင်းတယနှင့် ရွာငံမြို့နယ် အထက်တန်းကျောင်းများမှ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ စုစု ပေါင်း ၃၅၀ ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အ-ထ-က(ကြိုသက်)စာသင်ခန်း ၉ ခန်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများ (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ) စသည့် ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ တက်ရောက်ကြ၍ အပြန်အလှန်ဆွေးနွေးတင်ပြခြင်းများဖြင့် ညနေ ၄ နာရီအထိ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ရေသွင်းနှမ်း ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ပွင့်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်တွင် တောင်သူအကျိုးဆောင်အသင်း(FFA)နှင့် GGG ကုမ္ပဏီပူးပေါင်းပြီး ရေသွင်းနှမ်း ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ယမန်နေ့က လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်ရှိ တောင်သူ အကျိုးဆောင်အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က နှမ်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ အထွက်တိုးရေး ရေသွင်းနှမ်း ကန်ထရိုက်လယ်ယာစနစ် အကျိုးတူပူးပေါင်း၍ ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များ၊ သီးနှံများ စိုက်ပျိုးရာတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံသော သီးနှံများ ထွက်ရှိရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးခံစားခွင့်များကို ချပြရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ရေသွင်းနှမ်း ကန်ထရိုက်လယ်ယာစနစ် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် GGG ကုမ္ပဏီမှ တာဝန်ရှိသူများက သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ရေးအပြင် အစားအစာ ဘေးကင်းလုံခြုံရေး အတွက် သဘာဝစိုက်ပျိုးရေးသုံး သွင်းအားစုများကို ထည့်သွင်း အသုံးပြုရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး ဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

# ကလေးအလုပ်သမားခိုင်းစေမှု လျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကလေးအလုပ်သမားခိုင်းစေမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက အသိပညာပေး ဟောပြောပွဲများကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဦးသန်းအောင် (Book Club)အဖွဲ့ နာယက က ကလေးအလုပ်သမားများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ကလေးအလုပ်သမားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုရှိစေနိုင်သော အလုပ်ပညာရေးကို အနှောက်အယှက်ဖြစ်စေပြီး ကျောင်းနေချိန်တွင် ကျောင်းတက်ရမည့် အခွင့်အရေးကိုပါ ဆုံးရှုံးစေနိုင်သော အလုပ်နှင့်ကလေးငယ်များနှင့် အဆမတန် ပြင်းထန်သောအလုပ်များကို အချိန်ကြာမြင့်စွာလုပ်ကိုင်နေရသော ကလေးအလုပ်သမားကို ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ဦးသန်းဝင်း(ပညာရေး)(ငြိမ်း)က နုပျိုငယ်ရွယ်စဉ်တွင် ကျောင်းတက်၍ အတတ်ပညာ၊ အသိပညာများရှာဖွေမှု မပြုလုပ်နိုင်ဘဲ ကလေးသူငယ်အခွင့်အရေးများ ဆုံးရှုံးမှုကို တားဆီးကာကွယ်ရန်နှင့် လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ရတနာများဖြစ်သည့်အတွက် ဗလငါးတန်နှင့်ပြည့်စုံသော ကလေးငယ်များ ထွက်ပေါ်လာစေရေးအတွက် မိဘ၊ ဆရာများမှ ဝိုင်းဝန်းလေ့ကျင့်ပြုစုပေးရန်လိုအပ်ကြောင်းနှင့် ကလေးအလုပ်သမားခိုင်းစေမှုဆိုင်ရာ ဥပဒေပုဒ်မများကို အကျယ်တဝင့် ဟောပြောခဲ့ကြောင်း သိရှိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို လာမည့် ဖေဖော်ဝါရီလ ၂ ရက်မှစတင်ကာ (၇၅)ရက်တိုင်တိုင် ကျင်းပသွားမည်



**မင်းဘူး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကာ ပွဲတော်ရက်ပေါင်း (၇၅)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။ **(အပေါ်ပုံ)**

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် မန်းရွှေစက်တော်ဘုရားဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးဖြစ်ကာ ယခုနှစ် လာမည့် ဖေဖော်ဝါရီလ ၂ ရက်(တပို့တွဲလဆန်း ၅ ရက်)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရက်ပေါင်း (၇၅) ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင်အခန်းပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများအား တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေခွင့်ပြုမည်ဖြစ်ပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

မန်းရွှေစက်တော်ဘုရား ပွဲတော် ကျင်းပနိုင်ရန် မန်းချောင်းရေလမ်းကြောင်းလွှဲခြင်း၊ အောက်စက်တော်ရာ နဂါးအိုင်ပြုပြင်ခြင်း၊ မန်းချောင်းအတွင်း သောင်ပြင်ပြုပြင်၍ တည်းခိုဆောင်နှင့် ဆိုင်ခန်းနေရာများ ဆောက်လုပ်နိုင်ရန် မြေနေရာရှင်းလင်းခြင်းနှင့် မြေနေရာသတ်မှတ်ခြင်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဘုရားပရဝုဏ်အတွင်း ထုံး၊ ဆေးသုတ်ခြင်းလုပ်ငန်းများအပြင် တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးနှင့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအားလုံးကို ဘုရားပွဲတော်ရက်မတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ(ခြေတော်ရာ)အား ဘုရားဖူးလာရောက်ကြသူများ အလွယ်တကူအဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်ရန်အတွက် ယခင်နှစ်က တည်ဆောက်အသုံးပြုခဲ့သော ဘေလီသံပေါင်အထူးတံတားကို ယခုရက်ပိုင်းအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ရှင်းပြသည်။

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏(က) အဆင့်စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မန်းရွှေစက်တော်ရာပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာ နှစ်ဆန်း ၁ ရက် ကျင်းပလေ့ရှိကြောင်း၊ ယခုနှစ်ဘုရား ပွဲတော်ရက်ကာလမှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် မှ ဧပြီလ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် ပွဲတော်ရက်ပေါင်း (၇၅)ရက် ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါဘုရားပွဲတော်သည် မြန်မာနိုင်ငံအတွင်းရှိ ဘုရားပွဲတော်များအနက် ရက်အရှည်ကြာဆုံးနှင့် ထင်ရှားကျော်ကြားသည့် ဘုရားပွဲတော်ကြီးတစ်ခု ဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလေ့ရှိကြောင်း သိရသည်။

**(၅၀၀)**



# မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေးတိုင်းဒေသကြီးရုံးခွဲ) ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေးတိုင်းဒေသကြီးရုံးခွဲ) အသင်းသူ၊ အသင်းသားများ၏ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ မန်ကျည်းတောပရိယတ္တိစာသင်တိုက်တွင် ကျင်းပခဲ့သည်။

မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားသို့ မန်ကျည်းတော ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိက အမှူးပြုသံဃာတော် (၂၅) ပါး၊ ကိုရင်(၅၃)ပါး ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)မှ ဥက္ကဋ္ဌဦးနန္ဒကျော်၊ အထွေထွေအတွင်းရေးမှူး ဒေါ်လွင်လွင်အေး၊ ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာ၊ ကယားပြည်နယ်ဥက္ကဋ္ဌဒေါ်မော်မော်ဦး၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဥက္ကဋ္ဌ၊ အမှုဆောင်၊ အသင်းသူ၊ အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တ ခေမိကထံမှ ပရိသတ်က သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်၊ ကိုရင်များအား ဆွမ်းဆက်ကပ်ခြင်း၊ ဆရာတော်၊ သံဃာတော်၊ ကိုရင်များအား နဝကမ္မဝတ္ထုငွေကျပ် ၂၇၀၀၀၀၀ နှင့် သင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူအပေါင်းအား နံနက်စာ ထမင်း၊ ဟင်း၊ အချိုပွဲများဖြင့် တည်ခင်းဧည့်ခံခြင်းများ ပြုလုပ်လျက် လှူဒါန်းမှုအစုစုအတွက် ဆရာတော်ဘဒ္ဒန္တခေမိကမှ အနုမောဒနာရေစက်ချတရားကို ချီးမြှင့်တော်မူခဲ့သည်။

ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော် ကထိန်အဝင်နေ့ဖြစ်သော ဒီဇင်ဘာ ၂၉ ရက်တွင် အသင်းသူ၊ အသင်းသားများက မန္တလေးမြို့အတွင်း လှည့်လည်ကြည်ညိုဖွယ် ပြသခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၀)**



# ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

**သရက် ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပခြင်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် တာဝန်ခံပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေကျော်က အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက လမ်းညွှန်အမှာစကား ပြောကြားပေးခဲ့သည်။ ထို့နောက် ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်တာဝန်ခံပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူအသီးသီးက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# ၂၀၂၅ ခုနှစ် ကြံရာသီ သကြားစက်များ စတင်လည်ပတ်

၂၀၂၅ ခုနှစ် ကြံရာသီ သကြားစက်များ ဇန်နဝါရီလဆန်း ပိုင်းရက်များမှ စတင်ကာ လည်ပတ်ထုတ်လုပ်နေကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်ထုတ် ပြည်တွင်းသကြားများ ဈေးနှုန်းတည်ငြိမ်နေပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀-၅၁၀၀ ပေါက်ဈေးရှိနေသည်။ ယခုနှစ် ကြံတစ်တန်ပေါက်ဈေးမှာ ငွေကျပ် ၁၈၀၀၀၀-၂၀၀၀၀၀ ပေါက်ဈေးကို စက်ရုံအသီးသီးမှ ဝယ်ယူလျက်ရှိပြီး ဇန်နဝါရီလဆန်းပိုင်းရက်များတွင် စတင်လည်ပတ်နေခြင်းဖြစ်သည်။

'စစ်ကိုင်းတိုင်းအထက်ပိုင်း မောင်းကုန်း သကြားစက်၊ MEC သကြားစက်၊ EVER GREEN သကြားစက်၊ ရှမ်းမြောက် ဒေသ ငွေရည်ပုလဲ သကြားစက်၊ ရှမ်းတောင်ဒေသ မြဘုရင် သကြားစက်များ အပြည့်အဝ လည်ပတ်ကြိတ်ဝါးမည်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းသကြားအထွက်နှုန်း လျော့ကျစရာမရှိ၊ သကြားအထွက်တိုးလာပါမယ်၊ လက်ရှိ ပြည်တွင်းသကြားဈေးက မြင့်နေပြီး ပြည်ပသကြားဈေးက မြင့်နေလို့ ဈေးကွက်အတွင်း သကြားပိုလျှံမှု ဖြစ်နိုင်ပါတယ်၊ နိုင်ငံခြားသကြားပေါက်ဈေးက နိမ့်နေလို့ သကြားတင်ပို့မှုလည်း လျော့ကျနိုင်ပါတယ်'ဟု မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းသကြား အရောင်းအဝယ်မှာ ဈေးကျဆင်းမှုမရှိဘဲ တည်ငြိမ်နေပြီး နောက်လများတွင်သကြား အသစ်များထွက်ရှိလာချိန်တွင် ပြည်တွင်းသကြားဈေးအနည်းငယ် ကျဆင်းလာနိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

ပြည်တွင်းသကြားသုံးစွဲမှုမှာလည်း လျော့ကျနေပြီး ပြည်ပတင်ပို့နိုင်မှုလည်း လျော့ကျနေချိန်ဖြစ်သည်။

ယခင်နှစ် ကြံရာသီက ထွက်ရှိလာသော သကြားများ အနက် တန်ချိန် ၅၀၀၀၀-၆၀၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး လက်ရှိနိုင်ငံတကာ သကြားပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ ပေါက်ဈေးရှိနေပြီး ပြည်တွင်းသကြားပေါက်ဈေးထက် လျော့ကျနေကြောင်း သကြားကုန်သည်များက ပြောသည်။

လာမည့် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံခြားသို့ ပြည်ပတင်ပို့မှု လျော့ကျနိုင်သလို ပြည်တွင်းသကြားဈေးကွက်မှာလည်း သကြားပိုလျှံမှုများကြောင့် သကြားဈေး ဆက်လက်တည်ငြိမ်နေပြီ ဖြစ်သည်။

သကြားစက်ရုံများမှ ထွက်ရှိသည့် ပို့ကုန်အရည်အသွေးရှိ သကြားအဖြူ၊ ပြည်တွင်းသုံး သကြားညို၊ သကာရည်များကို ပြည်တွင်းထုတ်စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်လုပ်သည့် လုပ်ငန်းများတွင် စက်မှုကုန်ကြမ်းအဖြစ် သုံးစွဲနေခြင်း ဖြစ်သည်။

ယခုနှစ် ကြံစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ် ကြီးမြင့်ခြင်း၊ စက်သုံးဆီသွင်းအားစုများ သုံးစွဲရာတွင် ဈေးကြီးမြင့်ခြင်း၊ လုပ်သားရှားပါးခြင်းများကြောင့် ပြီးခဲ့သည့် ကြံသစ်စိုက်ပျိုးမှုများ လျော့ကျခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ် စက်ကိရိယာများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ၊ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာ့လယ်ယာထွက် ကုန်စည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဧရိယာ အကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉) တို့တွင် ကောက်ပဲသီးနှံနှင့် စားသုံးဆီ တင်၊ ချ ဆိပ်ကမ်းတံတားသစ်များ တည်ဆောက်ရေးနှင့် ဆူးလေဆိပ်ကမ်း တံတားနှင့် သိုလှောင်ရုံ အမှတ်(၁၊ ၂၊ ၃ နှင့် ၄) တို့တွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System) တပ်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement) များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်ကုမ္ပဏီများ၊ Myanmar China Harbour Engineering (MCHEC) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



### တိုးမြှင့်ဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၇ သန်းသာ ရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧပြီမှ ဒီဇင်ဘာအထိ ကိုးလတာကာလအတွင်း တန်ချိန် ၂ ဒသမ ၁ သန်းအထိ တင်ပို့ထားခဲ့ပြီး ဖြစ်ကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့်သာ ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ကိုးလအတွင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့်အထိ တိုးတက် ကိုင်တွယ်လာရသည့်အတွက် အထွေထွေကုန်စည်ကိုင်တွယ်မှုအပိုင်းတွင် ဆိပ်ကမ်းတံတားများ လိုအပ်လာသည့်အပြင် အလုပ်တွင်စေမည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများကို မဖြစ်မနေတပ်ဆင်အသုံးပြုပြီး စွမ်းဆောင်နိုင်မှု (Productivity) ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေး အထောက်အကူပြု လုပ်ငန်းစဉ်အဖြစ် ယခုလို ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို တိုးချဲ့တည်ဆောက်ထားနိုင်ခြင်းဖြင့် တိုးတက်လာမည့် ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ကိုင်တွယ်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှု (Readiness) ကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ယခုစီမံကိန်းလုပ်ငန်း လေးခုစလုံးကို နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည် ဖော်နိုင်ရန် လိုကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက(G2B)၊ ပုဂ္ဂလိက-ပုဂ္ဂလိက (B2B) ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမို၍ တိုးမြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

### လက်မှတ်ရေးထိုး

သီလဝါအကွက်အမှတ်(၂၇)၌ စားသုံးဆီ ဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MEICO) နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၈)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၉)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (MAGDPL)နှင့် MCHEC၊ ဆူးလေသိုလှောင်ရုံ အမှတ် (၁၊ ၂၊ ၃၊ ၄) တို့နှင့် ဆိပ်ကမ်းတံတားများတွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System) တပ်ဆင်ရေး လုပ်ငန်းအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် MCHEC တို့အကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းများ၏ ကနဦး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား) ဗိုလ်လုပွဲ ပထမအကျော့တွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းအား အနိုင်ရယူ

အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ ည ၇နာရီ ၃၀ မိနစ်က ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက ထိုင်းအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။


ဗီယက်နမ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၉မိနစ်နှင့် ၇၃မိနစ်တွင် ငုယင်ရှောင်ဆန်က တစ်ဦးတည်းသွင်းယူပေးခဲ့သည်။ ထိုင်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၈၃ မိနစ်တွင် ချာလာမတ်ခ်က သွင်းယူပေးခဲ့သည်။

ဗီယက်နမ်အသင်းသည် ၂၀၀၈၊ ၂၀၁၈ ခုနှစ်တွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိပြီးနောက် အောင်မြင်မှုနှင့်ဝေးကွာနေပြီး ယခုဗိုလ်လုပွဲစဉ် ပထမအကျော့တွင် နိုင်ပွဲရရှိမှုကြောင့် သုံးကြိမ်မြောက် ချန်ပီယံအိပ်မက် မက်ခွင့်ရလာခဲ့သည်။

ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့သည် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အား လာမည့် ဇန်နဝါရီ ၅ရက် မြန်မာစံတော်ချိန် ၇နာရီ ၃၀မိနစ်တွင် ထိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV- HD Channel၊ MRTV-News Channel၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Channel 7၊ 5 plus Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ M Channel နှင့် မဟာရုပ်သံလိုင်းတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဒုမ္မာ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Stan သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်